“စစ်ဘေးရှောင်နေတဲ့ဟာတွေက တောထဲမှာ သရက်ပင်တွေအောက်မှာ ဇီးပင်တွေအောက်မှာ ရှိနေတာခင်ဗျ။ တောစောင့်တဲလေးတွေထဲမှာ ရှိနေတာ အဲ့လိုလေးတွေရှောင်နေရတာ။ စစ်ဘေးရှောင်တွေက လင်ပုန်းရည်ရွာရဲ့ အနောက်ဖက် ချောင်းမကျေးရွာရဲ့ အနောက်ဖက်ပေ့ါ အဲ့လိုမျိုး စစ်ဘေးရှောင်တွေ လူစုလူဝေး ဖြစ်တဲ့နေရာတွေမှာ သူတို့က လေယာဉ်နဲ့ ပစ်တာခင်ဗျ။”

အခုလို လေကြောင်းက ပစ်ခတ်တာတွေနဲ့ ပတ်သက်လို့ စစ်ကောင်စီက သတင်းထုတ်ပြန်တာမရှိသေးသလို၊ ဖေဖော်ဝါရီ ၂၆ ရက်က ယင်းမာပင်နယ်ထဲက ချင်းပုန်းရွာနဲ့ ညောင်ကိုင်းရွာကို လေကြောင်းက ပစ်ခတ် နယ်မြေရှင်းလင်းတာနဲ့ ပတ်သက်လို့လည်း သတင်းထုတ်ပြန်တာမရှိသေးပါဘူး။

ချင်းပုန်းရွာနဲ့ ညောင်ကိုင်းရွာကို လေကြောင်းကနေ ပစ်ခတ်ခဲ့လို့ ချင်းပုန်းရွာမှာ သေဆုံးသူတွေရှိခဲ့တယ်လို့ သိရပါတယ်။ ရွာထဲ ပိတ်မိနေတဲ့ ကလေးငယ်တွေလည်း မိဘတွေလက်ထဲ ပြန်လည်ရောက်ရှိသွားပြီလို့ ဒေသခံတဦးက ပြောပါတယ်။

“၉လောင်းတော့ လက်ရှိသိရတယ်။ အဲ့အလောင်းတွေကို ကောက်ပြီးတော့ အကုန်လုံးမီးရှို့ထားခဲ့တာ။ ကားတွေဆိုင်ကယ်တွေ အကုန်မီးရှို့ပစ်ထားခဲ့တာ။ ဘုန်းကြီးကခေါ်ပြီးတော့ ပြန်ပေးတော့ အားလုံး သူတို့အမေတွေလက်ထဲကို ရောက်သွားပြီ။”

ဖေဖော်ဝါရီလအစကတည်းက ယင်းမာပင် ကနီ စတဲ့မြို့တွေကို စစ်ကောင်စီက နယ်မြေရှင်းလင်းတာတွေ ဆက်တိုက်ပြုလုပ်နေတဲ့အတွက် ထောင်နဲ့ချီနဲ့ ဒေသခံတွေဟာ ဘေးလွတ်ရာကို တိမ်းရှောင်နေရပြီး လက်ရှိမှာ ဒေသခံကာကွယ်ရေး တပ်ဖွဲ့တွေနဲ့ တိုက်ပွဲတွေဖြစ်ပွားပြီး စစ်ရေးတင်းမာနေပါတယ်။

https://burmese.voanews.com/a/kani-yinmarbin-fighting/6464160.html

--------------------------------------------------------------------------------------------------------

## ထန်တလန်မှာ နှစ်ရက်အတွင်း နေအိမ် ၁၀၀ ကျော် မီးရှို့ခံရ

2022.03.01



ချင်းပြည်နယ် ထန်တလန်မြို့တွင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့နဲ့ ၂၇ ရက်နေ့က မီးရှို့ခံရသော နေအိမ်များအား တွေ့ရစဉ်။ Photo-Thantlang Placement Affairs Committee

ချင်းပြည်နယ်မြောက်ပိုင်း၊ ထန်တလန် မြို့မှာ နှစ်ရက်အတွင်း နေအိမ် ၁၀၀ ကျော် မီးရှို့ခံရတယ်လို့ ထန်တလန်မြို့နယ်

နေရာချထားရေးကော်မတီက သတင်းထုတ်ပြန်ပါတယ်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့က နေအိမ် ၉၃ လုံးမီးရှို့ခံရပြီး ဖေဖော်ဝါရီလ ၂၇ ရက်နေ့ က နေအိမ် ၈ လုံးမီးရှို့ခံရတာပါ။

ဒီတစ်ကြိမ်နဲ့ ဆိုရင် စစ်ကောင်စီက ထန်တလန်မြို့ကို မီးရှို့တာ ၂၆ ကြိမ်ရှိပြီလို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကလည်း ထန်တလန်မြို့က နေအိမ် ၂၂ လုံး၊ ဇန်နဝါရီလ ၃၀၊ ၃၁ ရက်နေ့နဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့က နေအိမ် ၉၄ လုံးမီးလောင်ခဲ့ပါတယ်။

ထန်တလန်မြို့မှာ နေအိမ် ၂၅၀၀ ခန့်ရှိတာဖြစ်ပါတယ်။ ထန်တလန်မြို့က နေအိမ်တွေမီးလောင်ခံရမှုနဲ့ ပတ်သက်ပြီး စစ်ကောင်စီရဲ့ တုံ့ပြန်ချက်ကို ရဖို့ RFA က ဆက်သွယ်နေဆဲဖြစ်ပါတယ်။

https://www.rfa.org/burmese/news/htantalan-burned-houses-03012022113302.html

---------------------------------------------------------------------------------------------------------

## ကန်ပက်လက်တိုက်ပွဲတွင် စစ်ကောင်စီဘက်က ထိခိုက်ကျဆုံးသူ များပြား

Published By DVB | 1 March, 2022



ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်မှာ နှစ်ရက်ဆက် တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်က အနည်းဆုံး ၁၂ ဦးလောက် သေဆုံးပြီး အများအပြားဒဏ်ရာရခဲ့တယ်လို့ သိရပါတယ်။

ကန်ပက်လက်မြို့နယ်၊ မဆာတွီရွာနဲ့ ဆောမြို့နယ် ဆွဲလွဲကျင်းကျေးရွာကြားမှာ CDF-ကန်ပက်လက်၊ လောင်းရှည် PDF ပူးပေါင်းတပ်ဖွဲ့နဲ့ စစ်ကောင်စီတပ်တို့ ဖေဖော်ဝါရီ ၂၈ ရက် မနက် ၈ နာရီခွဲလောက်ကနေ ညနေ ၄ နာရီလောက်အထိ ၇ နာရီကျော်ကြာ တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့တယ်လို့ CDF-ကန်ပက်လက်ရဲ့ ပြန်ကြားရေးတာဝန်ခံက ဒီဗွီဘီကို ပြောပါတယ်။

အဲဒီတိုက်ပွဲမှာ စစ်ကောင်စီဘက်က ၁၀ ယောက်လောက် သေဆုံးပြီး အများအပြားဒဏ်ရာရရှိကာ သေဆုံးသွားတဲ့ စစ်ကောင်စီတပ်သား အလောင်းတွေကို လမ်းဘေးက တဲတစ်တဲမှာ စုပုံပြီး တဲကိုပါ မီးရှို့သွားကြတယ်လို့ ဆိုပါတယ်။

မောချောင်းရွာနဲ့ မဆွာတွီရွာကြားမှာ ဖေဖော်ဝါရီ ၂၇ ရက်နေ့ကလည်း စစ်ကောင်စီတပ်နဲ့ CDF-ကန်ပက်လက်တို့ တိုက်ပွဲဖြစ်ပွားပြီး စစ်ကောင်စီဘက်က ၂ ယောက် သေဆုံးကာ ၃ ယောက်လောက် ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။

CDF-ကန်ပက်လက်ရဲ့ ပြန်ကြားရေးတာဝန်ခံက “နှစ်ဘက် တိုက်ပွဲအတွင်းမှာ စစ်ကောင်စီတပ်တွေ ဘက်က လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပြန်ပစ်ပေမဲ့ ကျနော်တို့ CDF-ကန်ပက်လက်ဘက်က ရဲဘော်တွေ အထိအခိုက် အကျအဆုံးမရှိဘဲ ဆုတ်ခွာနိုင်ခဲ့တယ်”လို့ ပြောပါတယ်။

စစ်ကောင်စီတပ်တွေဟာ ကန်ပက်လက်မြို့နယ်အတွင်းက ပြည်သူတွေရဲ့ နေအိမ်တွေကို ဝင်ရောက်မွှေနှောက်ပြီး ပစ္စည်းတွေနဲ့ ငွေကြေးတွေကို ယူဆောင်ကာ နေအိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့ကြသလို အိမ်မွေးတိရစ္ဆာန်တွေကိုလည်း သတ်ဖြတ်စားသောက်သွားကြတယ်လို့ ဒေသခံတစ်ယောက်က ပြောပါတယ်။

မောချောင်းကျေးရွာက ဒေသခံပြည်သူတွေရဲ့နေအိမ် ၄ လုံးကိုလည်း ဖေဖော်ဝါရီ ၂၂ ရက်နေ့မှာ စစ်ကောင်စီတပ်တွေ မီးရှို့ ဖျက်ဆီးခဲ့သလို နေအိမ်တွေကို မွှေနှောက်က ပစ္စည်းတွေနဲ့ ငွေကြေးတွေကို ခိုးယူသွားကြတယ်လို့ ဆိုပါတယ်။

မကွေးတိုင်းနဲ့ ချင်းပြည်နယ်အစပ်မှာ ဖေဖော်ဝါရီ ၂၈ ရက်မှ ၂၂ ရက်အထိ စစ်ကောင်စီတပ်တွေနဲ့ ဒေသကာကွယ်ရေး မဟာမိတ်တပ်တွေဖြစ်ပွားခဲ့တဲ့ ၃ ရက်တာ တိုက်ပွဲအတွင်းမှာလည်း စစ်ကောင်စီဘက်က ၂၁ ယောက် သေဆုံးခဲ့တယ်လို့ သိရပါတယ်။

တိုက်ပွဲနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်က ထိခိုက်သေဆုံးတဲ့ အခြေအနေကို သိရှိနိုင်ဖို့ ပြန်ကြားရေးဒုဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းကို တယ်လီဖုန်းနဲ့ အကြိမ်ကြိမ် ဆက်သွယ်ပေမယ့်လည်း ဖုန်းလက်ခံဖြေကြားခြင်း မရှိပါဘူး။

https://burmese.dvb.no/archives/519503

-----------------------------------------------------------------------------------------------------------

## စစ်ကောင်စီ လမ်းပိတ်ထား၍ ချင်းတောင်ပိုင်း မြို့နယ်တချို့ စားနပ်ရိက္ခာ ပြတ်နေ

By ရေဝတီ 1 March 2022

အာဏာသိမ်း စစ်ကောင်စီ၏ လမ်းပိုင်းများ ပိတ်ဆို့မှုများကြောင့် ချင်းပြည်နယ်အတွင်းရှိ မင်းတပ်၊ ကန်ပက်လက် မြို့နယ် နှင့် ထန်တလန်ရှိ စစ်ဘေးရှောင် စခန်းများ အပါအဝင် ဒေသခံများ စားနပ်ရိက္ခာ ပြတ်လပ်မှု၊ ရှားပါးမှုများနှင့် ဈေးနှုန်း အဆမတန် မြင့်တက်မှုများ ကြုံတွေ့နေရကြောင်း ဒေသခံများထံက သိရသည်။

လက်ရှိ စစ်ကောင်စီတပ်များက ချင်းပြည်နယ်အတွင်း ဒေသကာကွယ်ရေး တပ်များကို ထိုးစစ်ဆင်နေပြီး စားနပ်ရိက္ခာ သယ်ဆောင်သော မကွေးတိုင်း၊ ဆောမြို့နယ်မှတဆင့် လောင်းရှည်-ကျင်ဒွေး လမ်းပိုင်းများကိုလည်း ပိတ်ထားသဖြင့် ဒေသခံများအတွက် ဆန်၊ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်း ပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။

ချင်းပြည်နယ်၊ မင်းတပ်မြို့ရှိ ဒေသခံတဦးက “လမ်းပိတ်တာတို့ ဘာတို့က တောက်လျှောက် ဖြစ်နေတာပါ။ ဆန်တို့ စားနပ် ရိက္ခာတို့ဆိုရင် သိပ် ခွင့်မပြုချင်ဘူး။ အဲဒီတော့ ကုန်ဈေးနှုန်းတွေကတော့ ၅၀ ရာခိုင်နှုန်း အထက်ကို တက်နေတာ တချို့က နှစ်ဆ နီးနီး တက်တယ်။ ရှားလည်း ရှားပါးတယ်၊ ဝယ်မရဘူး။ အဲဒီလိုမျိုးတွေအထိ ဖြစ်နေတာ။ ဆေးဝါးလည်း ဖျားနာရင် တောင်မှ ဘာမှ ဝယ်လို့ မရဘူး။ ပြတ်တောက်နေတယ်။ တချို့ဆို လမ်းမှာတင် လုယူတာတွေ ရှိတယ်” ဟု ရေဝတီသို့ ပြောသည်။

အာဏာသိမ်းပြီးနောက်ပိုင်းမှ စတင်ပြီး ချင်းပြည်နယ်အတွင်းသို့ စားနပ်ရိက္ခာ သယ်ဆောင်ခြင်း၊ ဆေးဝါးသယ်ယူခြင်းများ ကို စစ်ကောင်စီက ဖြတ်တောက်ထားပြီး လက်ရှိတွင် လမ်းတဝက်မှ ဆန်အပါအဝင် စားနပ်ရိက္ခာများ၊ ဆေးဝါးများကို လုယူခြင်းများကို ပြုလုပ်နေကြောင်း ၎င်းက ပြောသည်။

ဆက်လက်၍ ၎င်းက “ကျနော်တို့ စားနပ်ရိက္ခာလည်းပြတ်တောက်သလို စီးပွားရေးကလည်း ဘာမှ စိုက်ပျိုး စားသောက်လို့ မရတော့ အခက်အခဲက တော်တော်ကြီးလာတယ်။ တချို့ စစ်ရှောင်စခန်းတွေ၊ ဘာတွေ သွားနေတဲ့သူတွေလည်း အခု ရိက္ခာ ပြတ်လာကြပြီ ပြောတယ်။ အရင်နှစ်က စိုက်ထားတဲ့ ဝ ဥ တွေ ဘာတွေကလည်း အကုန်ခူးပြီးခါမှ ရောင်းခါနီးကျ ဝယ်သူရှိတာတောင် သယ်ယူပို့ဆောင်လို့ မရတော့ ဘာမှ မရောင်းလိုက်ရဘူး။ အရမ်းကို ခက်ခဲသွားတယ်။ ဒီနှစ်တော့ ထပ်လည်း မစိုက်ကြတော့ လာမယ့် အချိန်တွေက စားနပ်ရိက္ခာအတွက်က အခက်အခဲရှိတယ်” ဟု သုံးသပ် ပြောပြသည်။

ထိုသို့ ယခုနှစ်တွင် ချင်းပြည်နယ်အတွင်း စားနပ်ရိက္ခာ စိုက်ပျိုးမှု မရှိသဖြင့် လာမည့် အချိန်ကာလများသည် ယခုထက်ပို၍ ခက်ခဲလာနိုင်ကြောင်း၊ ပြင်ပမှ ဝယ်ယူစားသောက်ရာတွင်လည်း ယခုလို စစ်ကောင်စီ၏ ပိတ်ဆို့မှုများ ရှိနေပါက အငတ် ဘေးဒုက္ခ မကြာမီဆိုက်ရောက်နိုင်ကြောင်း သိရသည်။

ဝ ဥ ကုန်သည် တဦးက “ကျနော်တို့ မြို့ပေါ်ကသူတွေကတော့ အခြောက်ခံ သိမ်းတာတွေဘာတွေ ရှိတယ်။ နယ်ဘက်ကျ တဲ့ သူတွေကျတော့ အခင်းတွေ ပျက်စီးသွားရတာပေါ့။ အဲဒီတော့ လာမယ့် နှစ်ဆို စိုက်ပျိုးမှုလည်း

မရှိ၊ ဝင်ငွေလည်း မရှိ စားနပ်ရိက္ခာလည်း သယ်မရဆို တော်တော် ခက်ခဲမှာ" ဟု လက်ရှိ ဒေသ၏ အခြေအနေကို ပြောပြသည်။

လက်ရှိတွင် ကန်ပက်လက်မြို့အတွင်း စားနပ်ရိက္ခာဆန်များကိုလည်း စစ်ကောင်စီတပ်ဘက်မှ သိမ်းဆည်းယူဆောင်ခြင်း များရှိနေသည့်အပြင် သယ်ယူပို့ဆောင်မှု လမ်းကြောင်းများ ပြတ်တောက်နေသဖြင့် စစ်ဘေးရှောင် စခန်းများအထိ စားနပ် ရိက္ခာ ရှားပါးလာနေပြီဖြစ်ကြောင်း သိရသည်။

ထန်တလန်မြို့ရှိ ဒေသခံ အမျိုးသမီးတဦးက "ကျမတို့ဆီကတော့ လက်ရှိ စစ်ဘေးရှောင်စခန်းမှာ အိမ်ခြေကတော့ ၆၀ နီးပါးလောက် ရှိတယ်။ လူဦးရေကတော့ ၂၇၀ ဝန်းကျင်လောက်ရှိတယ်။ လမ်းကြောင်းတွေ ပိတ်တော့ စားနပ်ရိက္ခာက ပြတ်တောက်နေပြီ။ လက်ထဲမှာလည်း ပိုက်ဆံမရှိသလို အလှူရှင်ကလည်း ရှားတော့ ဘယ်လိုမှ အဆင်မပြေတော့ဘူး။ ကူညီမယ့်သူ လိုနေတယ်" ဟု ပြောပြသည်။

ချင်းပြည်နယ် ကန်ပက်လက်မြို့တွင် ချင်းကာကွယ်ရေးအဖွဲ့ (CDF) နှင့် စစ်ကောင်စီတပ်တို့ကြား ပြီးခဲ့သည့် မေလလယ် ပိုင်းမှ စတင်ပြီး တိုက်ပွဲများ ဖြစ်ပွားနေပြီး စစ်ဘေးရှောင် ၄ ထောင် ဝန်းကျင် စစ်ရှောင်နေရသည်။

လူသားစာနာမှုဆိုင်ရာ ကုလသမဂ္ဂ ညှိနှိုင်းရေးမှူးရုံး (UNOCHA) ၏ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ထုတ်ပြန်ချက်အရ ချင်းပြည်နယ်ရှိ မြို့နယ် ၅ ခုတွင် စားနပ်ရိက္ခာ ပြတ်လပ်မှုများကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးသွားရသူပေါင်း ၂၁၀၀၀ ကျော် ရှိကြောင်း ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် စစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံတဝန်း လူသားချင်း စာနာမှု အကူအညီ လိုအပ်သူပေါင်း နှစ် သန်းအထိ တိုးလာနေပြီး ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီ တိုင်း တို့တွင် တိုက်ပွဲနှင့် လုံခြုံရေး အခြေအနေများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရသူပေါင်း ၂၁၈၉၀၀ ခန့် ရှိကြောင်း လည်း UNOCHA က ဖော်ပြထားသည်။

https://burma.irrawaddy.com/news/2022/03/01/250218.html

------------------------------------------------------------------------------------------------------------------

## ကရင်နီစစ်ရှောင်များကို စစ်ကောင်စီတပ်က လိုက်လံတိုက်ခိုက်နေသဖြင့် နေရာအကြိမ်ကြိမ် ပြောင်းရွှေ့နေကြရ

Published By DVB | 1 March, 2022



ကရင်နီ(ကယား) ပြည်နယ်မှာ စစ်ကောင်စီတပ်တွေက မြေပြင်မှာတိုးချဲ့ထိုးစစ်ဆင်မှုနဲ့ ဝေဟင်ကနေ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် ဒီးမော့ဆိုမြို့နယ်ထဲက သိန်းနဲ့ချီတဲ့ စစ်ဘေးရှောင်တွေထပ်မံ နေရာပြောင်းရွှေ့ ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။

ဒီးမော့ဆိုအနောက်ခြမ်း စစ်ရှောင်တွေအများစု သွားရောက်ခိုလှုံနေတဲ့ လိုဘာခိုကျေးရွာနဲ့ အနီးတဝိုက်နဲ့ စစ်ရှောင်စခန်းအနီးမှာ ဖေဖော်ဝါရီ ၂၇ ရက် မနက်ပိုင်းအစောပိုင်းက စစ်ကောင်စီ ကလေးယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့လို့ အဲဒီဒေသက စစ်ရှောင်တွေ လွတ်မယ်ထင်တဲ့နေရာကို ထွက်ပြေး တိမ်းရှောင်နေရပြန်ပါတယ်။

ဒီကနေ့မှာလည်း စစ်ရှောင်တွေအများစုနေထိုင်တဲ့ မြလဲကျေးရွာအုပ်စု လွိုင်နန်းဖ ကျေးရွာဘက်မှာ ဒီကနေ့မနက်ပိုင်း တိုက်ပွဲဖြစ်ပွားတဲ့အတွက်လည်း အဲဒီရွာနဲ့အနီးအနားတဝိုက်က စစ်ရှောင်တွေ ထပ်ပြီး နေရာရွှေ့ပြောင်းနေရတယ်လို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ KSCC ရဲ့ Humanitarian တာဝန်ခံ ကိုဗညားက ပြောပါတယ်။

"ဒီမနက်ကလည်း လွိုင်နန်းဖဘက်မှာ တိုက်ပွဲဖြစ်တယ်။ စစ်ကောင်စီဘက်က လွိုင်နန်းဖဘက်ကိုဝင်လာပြီပေါ့နော်။ ကျနော်တို့ မျှော်လင့်ထားတာက အဲဒီအထိလာ မှာမဟုတ်ဘူးလို့

မျှော်လင့်ထားတယ်။ ဒါပေမဲ့ သူတို့ လွိုင်နန်းဖအထိကို ဒီမနက် စစ်ပွဲတွေ တိုက်ပွဲနဲ့ သူတို့ ရောက်လာတော့ အဲဒီကတည်း ကျနော်တို့မနေ့က တနေ့ကပဲ ဒီရက်အပါအဝင် ဒီ လွိုင်နန်းဖ တခွင့်မှာရှိနေတဲ့ စစ်ဘေးရှောင်တွေက ဟိုးတခြားတနေရာကို အစုလိုက်၊ အစုလိုက်၊ ဆက်တိုက် ပြောင်းနေတာရှိတယ်ပေါ့နော်။ နောက်သိတဲ့အတိုင်းပဲ လိုဘာကိုခိုမှာ ပြောင်းနေတဲ့လူတွေအပေါ်မှာ နောက်ထပ် ဖုံးထပ်ကြဲတော့ အခုလူတွေက တအားကြောက်တော့ ရှောင်တဲ့သူတွေတောင် ကျနော်တို့လည်း ခန်းမှန်းလို့မရတော့ပါဘူး”။

တချို့စစ်ဘေးရှောင်တွေက လွိုင်နန်းဖဘက်ကနေ လိုဘာခိုဘက်ကိုထွက်သွားသူတွေရှိသလို တချို့လည်းဖရူဆိုနဲ့ ဒီးမော့ဆိုအတွင်းပိုင်း ပြန်ဝင်သူတွေနဲ့လည်းရှိနေပြီး လတ်တလော စစ်ဘေးရှောင်တွေဟာ နေရာအနှံ့အပြားမှာ ပြန့်ကျဲနေကာ အကူအညီတွေလိုအပ်နေတာဘ်လို့လည်း ပြောပါတယ် ။

“အခုက ပြည်နယ်အလယ်ပိုင်းတခွင်လုံး ရွှေ့သွားတော့ ကျနော်တို့ အခက်အခဲဆုံး ပြဿနာက ရွှေ့တိုင်း၊ ရွှေ့တိုင်းမှာ ကျနော်တို့ အမိုးအကာက ပြဿနာတက်တယ်ပေါ့နော်။ စားနပ်ရိက္ခာကိုလည်း အများကြီးမသယ်နိုင်ဘူး။ အများကြီး ချန်ထားခဲ့ရတာ ရှိတယ်။ အခု ကျနော်တို့ အရမ်းစိုးရိမ်တာတခုက အခု နေ့ခင်းပိုင်း အရမ်းပူပြီး၊ ညပိုင်းလည်း အရမ်းအေးတဲ့အတွက်ကြောင့် သူတို့အတွက် စောင်တွေ၊ အမိုးအကာမလုံလောက်မှုက စိုးရိမ်စရာတခု ရှိတယ်။ နောက်တခုက ပြန့်ကျဲနေတဲ့အခါကျတော့ စားနပ်ရိက္ခာနဲ့ ဆေးကုသမှုပေးနိုင်ဖို့ အခက်အခဲဖြစ်သွားတာပေါ့နော်။ အခုလည်းမငြိမ်ဘူးလေ။ ဟိုမှာရောက်လိုက်၊ တရက် နှစ်ရက်နေရင် ထပ်ပြောင်းလိုက် တနေရာရွှေ့လိုက်၊ တရက် နှစ်ရက်နေရင် ထပ်ရွှေ့လိုက်တော့ ကျနော်တို့ကလည်း အဲဒါကို ဘာအခက်အခဲဖြစ်လို့ ဘာကူညီပေးရမှာလဲတောင်မှ မသိတဲ့ အခြေအနေတခုကို ရောက်ရှိတယ်။”

စစ်ရှောင်နေရာတခုကနေ လွန်ခဲ့တဲ့ ရက်ပိုင်းကမှ လွိုင်နန်းဖကို ရွှေ့ပြောင်းလာတဲ့ ကလေး ၆ ဦးမိခင်ကလည်း “ကျမ အခု လွိုင်နန်းဖကနေ ဘယ်ကို ပြေးရလဲမသိတော့ပါဘူး။ ကားရှိတဲ့သူ နောက်ကိုပဲ သွားသွားတဲ့နေရာနောက်လိုက်ရမှာပေါ့” လို့ ပြောပါတယ်။

ကရင်နီပြည်နယ်မှာ စစ်ဘေးရှောင်တွေဟာ လျော့မသွားဘဲ နေ့စဉ်တိုးလာနေပြီး အခုဆိုရင် ပြည်နယ်အတွင်း စစ်ရှောင်ပြည်သူ ၁၈၀,၀၀၀ လောက်ရှိလာပြီလို့လည်း Karenni Humanitarian Team ကပြောပါတယ်။

“စစ်ဘေးရှောင်တွေကတော့ လျော့မသွားဘဲ နေ့စဉ်တိုးလာလို့ လိုအပ်ချက်တွေလည်း များလာပါတယ်။ အဓိကလိုအပ်ချက်တွေကတော့ တဲထိုးဖို့ မိုးကာ၊ ရေ၊ ဆန်နဲ့ စားစရာတွေပေါ့။ ဘယ်အချိန် အိမ်ပြန်ရမှန်းမသိပေမဲ့ ကျနော်တို့ အားတင်းထားမှာပါတဲ့။ မှီခိုအားကိုးစရာ အလှူရှင်တွေပဲ ရှိတဲ့အတွက် ကရင်နီစစ်ရှောင်တွေကိုလည်း မမေ့ကြပါနဲ့လို့ တောင်းဆိုပါရစေ။”

အရင်က စစ်ရှောင်တွေအတွက် နိုင်ငံတကာအကူအညီ အနည်းအကျဉ်းရပေမဲ့ အခုလုံးဝ မရှိတော့တဲ့နေအထားဖြစ်တဲ့အတွက် ပြည်သူအချင်းချင်းကူညီဖို့လည်း အကူအညီပေးရေးအဖွဲ့က တိုက်တွန်း ပြောပါတယ်။

ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) ကလည်း ပြည်သူနဲ့ စစ်ဘေးရှောင် ပြည်သူတွေအတွက် စားနပ်ရိက္ခာဆိုင်ရာ အစီအမံအတွက် ဒီကနေ့ သတိပေးချက် ထုတ်ပြန်ထားပါတယ်။

အဲဒီ သတိပေးချက်ထဲမှာ စားနပ်ရိက္ခာတွေ ပြုစုထားဖို့၊ ဆန်စပါးပြောင်းနဲ့ ပဲအမျိုးမျိုးတို့ကို စနစ်တကျ စုဆောင်းသိုလှောင်ထားဖို့၊ မိသားစုဝင်တွေအတွက် ၃ ရက်စာ ဆန်ဆီဆားနဲ့ အခြေခံ ဆေးဝါးတွေ စနစ်တကျ စုဆောင်းထားဖို့၊ ပြည်သူအချင်းချင်း အပြန်အလှန်မျှဝေ ကူညီကာ ကနဦး စားနပ်ရိက္ခာ ပြတ်လပ်မှုကို ဖြေရှင်းပေးဖို့ အကြံပြုထားပါတယ်။

ဒ့ါအပြင် စားနပ်ရိက္ခာပြတ်တောက်ပါက နီးစပ်ရာ ကျေးရွာကော်မီတီနဲ့ စစ်ဘေးရှောင် စခန်းကော်မီတီဆီ အကြောင်းကြားဖို့၊ သက်ကြီးရွယ်အို၊ နာမကျန်းလူနာ၊ အသက် ၁၆ နှစ်အောက် ကလေးငယ်၊ ကိုယ်ဝန်ဆောင် မိခင်နဲ့ နို့တိုက်မိခင်ကို ဦးစားပေးဖို့နဲ့ ဆန်ရေစပါး အများအပြား
အသုံးပြုရမယ့် မွေးမြူရေးလုပ်ငန်းနဲ့ သရေစာထုတ်လုပ်ကုန် လုပ်ငန်းတွေ ရပ်ဆိုင်းဖို့လည်း အထူး ပန်ကြားထားပါတယ်။

ဒီးမောဆိုမြို့နယ် နန်းမယ်ခုံမြို့ကို စစ်ကောင်စီက ဝင်ရောက်သိမ်းပိုက်ပြီးနောက် ဒီးမောဆိုမြို့နယ်အတွင်းပိုင်းအထိ ဆက်လက်အင်အားတိုးချဲကာ စစ်ဆင်ရေးတွေ လုပ်ဆောင်နေတဲ့အတွက် စစ်ရှောင်ပြည်သူတွေ ပိုပြီး အခက်အခဲနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

https://burmese.dvb.no/archives/519564

---------------------------------------------------------------------------------------------------

## အင်းလေးဒေသရောက် စစ်ရှောင်များ ဆေးဝါးအကူအညီလိုအပ်နေ

By SHAN - March 1, 2022

သျှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးဒေသ နှင့် အနီးတစ်ဝိုက်ရောက်နေသည့် ကရင်နီပြည်မှ စစ်ရှောင်များ ဖျားနာနေပြီး ဆေးဝါးအကူအညီ လိုအပ်နေကြကြောင်း စစ်ရှောင်များကို ကူညီနေသူများထံမှ သိရသည်။




အင်းလေးဒေသအတွင်း ရောက်ရှိနေသော စစ်ရှောင် ၂၀၀ နီးပါးထဲမှ အသက် ၁၅ နှစ်အောက် ကလေးများနှင့် သက်ကြီးရွယ်အိုများသည် ဖျားနာနေကြပြီး ဆေးဝါးဆိုင်ရာကုသမှုများ အရေးကြီး လိုအပ်နေကြောင်း စစ်ရှောင်ကူညီပေးနေသူတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

"စာရင်းအရ ၁၅၀ ကျော် အားလုံးနီးပါးက ဖျားကြတယ်၊ တချို့က ကိုဗစ် ဖြစ်နေတယ်၊ အတူတူ နေကြရတုန်းပဲ၊ ခွဲထားဖို့ အဆင်မပြေဘူး၊ နေရာမရှိလို့၊ ပြီးတော့ ဆေးဝါးတွေ ကုသမှုတွေလည်း အရေးကြီး လိုအပ်နေပါတယ်" ဟု စစ်ရှောင်များကို ကူညီပေးနေသူက သျှမ်းသံတော်ဆင့်ကို ပြောသည်။



လက်ရှိတွင် အဆိုပါ စစ်ရှောင်များကို CDM ဆရာ/ဆရာမများနှင့် ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေ သည့် ဆရာ/ဆရာမများက စောင့်ရှောက်မှုပေးနေကြသော်လည်း ဆေးဝါး နှင့် ကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများ လုံလောက်မှု မရှိကြောင်း သတင်းသိရသည်။

"အခုဆို တချို့က အရမ်းဖျားပြီး ဘာမှ မစားနိုင်တာတွေလည်း ရှိနေတယ်၊ ဆေးဝါးအတွက်လည်း လုံလုံလောက်လောက်မရှိလို့ ကူညီပေးကြပါလို့ ပြောချင်တယ်" ဟု စစ်ရှောင်များကိုကူညီပေးနေသူက ပြောသည်။

အဆိုပါ ကရင်နီစစ်ရှောင်များသည် စစ်တပ်မှ ကျေးရွာများထဲထိ အကြမ်းဖက် တိုက်ခိုက်မှုများ ပြုလုပ်လာမှုကြောင့် ထွက်ပြေးတိမ်းရှောင်လာရခြင်းဖြစ်ပြီး ယခုလဆန်းပိုင်းမှ ထွက်ပြေးလာကြသူများရှိသလို နှစ်လကျော် ကြာသည်အထိ ထွက်ပြေးလာကြသူများလည်း ရှိကြောင်း သိရသည်။

https://burmese.shannews.org/archives/27197

-------------------------------------------------------------------------------------------------------------

## စစ်တပ် အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကျဆုံးပြည်သူစုစုပေါင်း ၁၅၈၅ ဦး ရှိလာ

Published By DVB | 1 March, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်းကာလ ၁ နှစ်ကျော်အကြာ စစ်ကောင်စီတပ်တွေရဲ့ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁၅၈၅ ယောက်နဲ့ ဖမ်းဆီး ထိန်းသိမ်းခံရသူပေါင်း ၁၂၄၁၇ ယောက်ထိ ရှိလာခဲ့ပြီလို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက် အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ်ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၉၃၉၉ ယောက် လက်ရှိချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၇၇၈ ယောက်ကတော့ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက်အပါအဝင် ၄၅ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁၉၇၃ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်းခံထားရသူ ၃၉ ယောက်အပါအဝင် ၁၁၈ ယောက်ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၈၄ ယောက် ရှိပြီဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်အတွင်းက နမစားရစ်ကျေးရွာကို အကြမ်းဖက်စစ် အုပ်စုတပ်က ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၅ ရက်မနက်ပိုင်းက ဝင်ရောက်စီးနင်းခဲ့ပြီး မီးရှို့ခဲ့ရာ ထွက်မပြေးနိုင်တဲ့ အသက် ၇၇ နှစ်အရွယ် ဒေါ်ခင်သန်းဟာ အိမ်သာအတွင်း ဝင်ပုန်းနေစဉ် ပိတ်မိကာ မီးလောင်သေဆုံးသွားခဲ့ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ထွက်ပြေးခဲ့တဲ့ ဒေသ ခံရွာသားတွေကိုလည်း ပစ်ခတ်ခဲ့တဲ့အတွက် အသက် ၃၃ နှစ်အရွယ် မယဉ်စမ်းအေးနဲ့ ၅၅ နှစ်အရွယ် ဦးသိန်းတို့ဟာ ကျည်ထိမှန်ဒဏ်ရာတွေနဲ့ နေရာတင် ကျဆုံးသွားခဲ့ကြောင်း သိရှိရပါတယ်။

ဒါ့အပြင် ဖေဖော်ဝါရီ ၂၄ ရက်ည ၉ နာရီခွဲလောက်ကလည်း ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ကပီခီးကျေးရွာထဲကို BGF ၁၀၁၃ တပ်ရင်းမှ လက်နက်ကြီး ၃ လုံး ပစ်ခတ်ခဲ့တဲ့အတွက် ဒေ သခံရွာသား တယောက်ဖြစ်တဲ့ အသက် ၁၉ နှစ်အရွယ် စောခူနေလားမှာ နောက်ကျောကို ထိမှန်ကာ ကျဆုံးသွားခဲ့ပြီး ၄ ယောက် ဒဏ်ရာရရှိခဲ့ကာ နေအိမ် ၅ လုံးလည်း ပျက်စီးသွား ခဲ့တယ်လို့ ဆိုပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူ တွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေစတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော် လှန်ရေးကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကိုသိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/519475

-----------------------------------------------------------------------------------------------------------------

## မြန်မာစစ်ကောင်စီနဲ့ဆက်နွယ်တဲ့ လုပ်ငန်းစာရင်း Burma Campaign UK ထပ်တိုး

1 မတ်လ 2022

မြန်မာစစ်ကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ စီးပွားရေးလုပ်ငန်းစာရင်းကို Burma Campaign UK က ဒီကနေ့ မတ် ၁ ရက်နေ့မှာ ထပ်တိုး ထုတ်ပြန်လိုက်ပါတယ်။

ဒီစာရင်းမှာ နောက်ထပ်လုပ်ငန်းပေါင်း ၂၈ ခု ထပ်တိုး စာရင်း ပြုစုထားတယ်လို့ Burma Campaign UK ရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဒီ ထပ်တိုးကုမ္ပဏီတွေက နိုင်ငံပေါင်း ၁၂ ခုကဖြစ်ပြီး ဂျပန်မှာ ၈ ခု၊ ဗီယက်နမ်မှာ ၈ ခု၊ အမေရိကန်မှာ ၃ ခုနဲ့ ရုရှား၊ စင်ကာပူ၊ ဟောင်ကောင်၊ အိန္ဒိယ၊ တရုတ်၊ ကနေဒါ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ တူရကီနဲ့ ထိုင်းနိုင်ငံတို့မှာ ကုမ္ပဏီတခုစီ ပါဝင်တာပါ။ အခုဆိုရင် စစ်ကောင်စီနဲ့ ဆက်နွယ်နေတဲ့ စီးပွားရေးလုပ်ငန်းပေါင်း ၁၁၆ ခု ရှိပြီလို့ ထုတ်ပြန်ချက်မှာဆိုပါတယ်။

"လူမျိုးတုံး သတ်ဖြတ်တာနဲ့ စစ်တပ်အာဏာသိမ်းတာတွေဖြစ်တာတောင် ဒီ ကုမ္ပဏီတွေက စစ်ကောင်စီနဲ့ လက်တွဲ မဖြုတ်နိုင်သေးဘူး။" လို့ Burma Campaign UK ရဲ့ ဒါရိုက်တာ Mark Farmaner ကဆိုပါတယ်။

စစ်တပ်ပိုင်ကုမ္ပဏီတွေက ထုတ်တဲ့ပစ္စည်းတွေကို မဝယ်ယူကြအောင် နိုင်ငံတကာ အစိုးရတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ အကူအညီပေးရေးအဖွဲ့အစည်းတွေ၊ နိုင်ငံတကာ ကုမ္ပဏီတွေနဲ့ မြန်မာပြည်မှာ လုပ်ငန်းလုပ်ကိုင်နေကြသူတွေကို ဖိအားပေးဖို့လည်း ဒီ စာရင်းက ရည်ရွယ်ပါတယ်လို့ Burma Campaign UK ရဲ့ ထုတ်ပြန်ချက် တခုမှာ ပြောထားပါတယ်။

https://burmese.voanews.com/a/myanmarmilitarycoup-burmacampaignuk-myanmarsanctions-voaburmese-အေရးယူပိတ္ဆို႔-စစ္ေကာင္စီ-စီးပြါးေရးလုပ္ငန္းစာရင္း-ဗီြအိုေအ/6464679.html

-----------------------------------------------------------------------------------------------------------

## အမေရိကန်သမ္မတဘိုင်ဒင်နဲ့ အာဆီယံခေါင်းဆောင်တွေ မြန်မာ့အရေးဆွေးနွေးမည်

2022.03.01



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို ၂၀၂၂၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့က ဝါရှင်တန်ဒီစီရှိ အိမ်ဖြူတော်မှာ တွေ့ရစဉ် Photo: BRENDAN SMIALOWSKI / AFP

အရှေ့တောင်အာရှ နိုင်ငံခေါင်းဆောင်တွေနဲ့ အမေရိကန် သမ္မတရဲ့ အထူးထိပ်သီး ဆွေးနွေးပွဲကို ဝါရှင်တန်ဒီစီမှာ ဒီလ ၂၈ ရက်နဲ့ ၂၉ ရက်မှာ အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ်လို့ အိမ်ဖြူတော်က မနေ့က ကြေညာပါတယ်။

သူတို့ရဲ့ ထိပ်သီးဆွေးနွေးပွဲမှာ စစ်အာဏာသိမ်းလိုက်လို့ ဖြစ်ပေါ်လာတဲ့ မြန်မာနိုင်ငံ ပြဿနာနဲ့ ကပ်ရောဂါ နာလန်ပြန်ထူဖို့၊ ရာသီဥတု ပြောင်းလဲမှု၊ ရင်းနှီးမြှုပ်နှံမှုစတဲ့ ကိစ္စရပ်တွေ ဆွေးနွေးဖို့ရှိတယ်လို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Anthony Blinken က မလေးရှားနိုင်ငံကို ပြီးခဲ့တဲ့ ဒီဇင်ဘာလ ရောက်ခဲ့ချိန်မှာ ပြောထားပါတယ်။

တရုတ်သြဇာ ကြီးမားလာတာ တားဆီးနိုင်အောင် အမေရိကန်က ကြိုးပမ်းမှု တစ်စိတ် တစ်ပိုင်း အနေနဲ့ အရှေ့တောင်အာရှဒေသနဲ့ ပိုမိုဆက်စပ်တာဟာ အရေးပါတယ်လို့ အမေရိကန်က ရှုမြင်ပါတယ်။

ထိပ်သီးဆွေးနွေးပွဲကို ဒီနှစ်အစောပိုင်းမှာ ကျင်းပဖို့ ရည်မှန်းထားခဲ့ပေမယ့် Covid-19 ကပ်ရောဂါကြောင့် နှောင့်နှေးခဲ့တာ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/will-discuss-myanmar-case-in-asean-meeting-03012022080237.html

------------------------------------------------------------------------------------------------

## ရုရှားရဲ့ကျူးကျော်စစ်ကို မြန်မာနဲ့အာဖဂန် ကုလ ကိုယ်စားလှယ်တွေ ကန့်ကွက်မည်

2022.03.01



၂၀၂၂ ခုနှစ် မတ်လ ၁ ရက်နေ့က နယူးယောက်မြို့တွင် ရုရှား-ယူကရိန်းအရေး ကုလသမဂ္ဂအထူးအစည်းအဝေးပွဲ ကျင်းပစဉ်။ Photo - AFP

ယူကရိန်းနိုင်ငံကို ရုရှားက ကျူးကျော်တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး ပြစ်တင်ရှုတ်ချရေး ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်ချဖို့ မဲပေးမှုမှာ မြန်မာနဲ့အာဖဂန်နစ္စတန် နိုင်ငံတွေကလည်း ပါဝင်မယ်လို့ သံတမန်တွေရဲ့ပြောဆိုချက်ကို ကိုးကားပြီး AFP သတင်းမှာ မနေ့က ဖော်ပြပါတယ်။

အာဖဂန်နိုင်ငံမှာ တာလီဘန်တွေက အုပ်စိုးနေပြီး မြန်မာပြည်မှာ စစ်တပ်က အာဏာသိမ်းအုပ်ချုပ်နေတာပါ။ ဒါပေမဲ့ ကုလသမဂ္ဂမှာတော့ အရင်အစိုးရလက်ထက်က တာဝန်ယူခဲ့တဲ့ သံအမတ်တွေကပဲ ဆက်ပြီးနေရာယူထားပါတယ်။ ဒီသံအမတ်တွေက ရုရှားရဲ့ကျူးကျော်စစ်ကို ကန့်ကွက်ကြမယ့် သဘောပါ။

မြန်မာစစ်ကောင်စီ ပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းကတော့ ယူကရိန်းကို ရုရှားက ဝင်တိုက်တာဟာ ရုရှားရဲ့အချုပ်အခြာအာဏာတည်မြဲဖို့ လုပ်တာလို့ RFA ကိုပြောထားပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ရုရှားကိုကန့်ကွက်ရေးမဲထည့်မယ့် ကိစ္စ ဟုတ်၊ မဟုတ်သိနိုင်ဖို့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးကျော်မိုးထွန်းကို RFA က ဖုန်းနဲ့ဆက်သွယ်ခဲ့ပေမယ့် အကြောင်းမပြန်ပါဘူး။

ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်ဟာ မလိုက်နာရင်လည်းရတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။

လုံခြုံရေးကောင်စီကလည်း အတည်ပြုမယ့်ပုံ မပေါ်ပါဘူး။ ဒါပေမဲ့ ရုရှားရဲ့ကျူးကျော်မှုကို အပြင်းအထန်ဝိုင်းကန့်ကွက်ကြရင် ကမ္ဘာ့အလယ်မှာ ရုရှားက အပယ်ခံ အထီးကျန်နိုင်ငံအဖြစ် ထင်ရှားနေလိမ့်မယ်လို့ AFP သတင်းမှာ ဖော်ပြထားပါတယ်။

https://www.rfa.org/burmese/news/myanmar-africa-vote-russia-ukrain-issue-at-un-meeting-03012022153415.html

----------------------------------------------------------------------------------------------------

## ယူကရိန်းကို ရုရှားကျူးကျော်မှု ဂယက် အာဆီယံလည်း မလွတ်

By ရောဝတီ | 1 March 2022

ယူကရိန်းနိုင်ငံကို ရုရှားက ကျူးကျော်မှုသည် အရှေ့တောင်အာရှမှ ဝေးကောင်းဝေးနိုင်သော်လည်း ထိုဒေသသည် ကျူးကျော်မှုမှ ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ပြဿနာများနှင့် ကင်းလွတ်နိုင်ခြင်း မရှိပေ။

အပေါ်ယံအားဖြင့်ကြည့်ပါက ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံလုံးသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့နှင့် စီးပွားရေးဆက်ဆံမှု မရှိသလောက်ပင် ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ရုရှားသည် အာဆီယံ၏ စုစုပေါင်းကုန်စည်ကုန်သွယ်မှု၏ ၀ ဒသမ ၅၃ ရာခိုင်နှုန်းသာရှိပြီး ယူကရိန်းက ၀ ဒသမ ၁ ရာခိုင်နှုန်းသာရှိကြောင်း အာဆီယံအချက်အလက် ဝက်ဘ်ဆိုက်ဖြစ်သော ASEANstats ၏ စာရင်းများအရ သိရသည်။

ရင်းနှီးမြှုပ်နှံမှုအရ ကြည့်မည်ဆိုလျှင် စီးပွားရေးဆက်စပ်မှုသည် ပိုမိုနည်းပါးသေးသည်။ ရုရှားသည် အာဆီယံသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ၀ ဒသမ ၀၄၆ ရာခိုင်နှုန်းသာရှိပြီး ယူကရိန်းက ၀ ဒသမ ၀၀၃ ရာခိုင်နှုန်းသာ ရှိသည်။

သို့သော် အချက်အလက်များကို ပိုမိုနက်ရှိုင်းစွာ လေ့လာသောအခါ စီးပွားရေးဆက်ဆံမှုများသည် ထိုထက် ပိုမိုခိုင်မာသည်။

**အာဆီယံသည် ၎င်းတို့တင်သွင်းသည့် ဓာတ်မြေသြဇာများ၏ တန်ဖိုးအရ ၉ ဒသမ ၇၄ ရာခိုင်နှုန်းကို ရုရှားမှတင်သွင်းပြီး ရုရှားသည် တရုတ်နှင့် ကနေဒါပြီးလျှင် အရှေ့တောင်အာရှအတွက် တတိယအကြီးမားဆုံး ဓာတ်မြေသြဇာရင်းမြစ် ဖြစ်နေသည်။**

ဥပမာအားဖြင့်ဆိုရပါက ဓာတ်မြေသြဇာဖြစ်သည်။ အာဆီယံသည် ၎င်းတို့တင်သွင်းသည့် ဓာတ်မြေသြဇာများ၏ တန်ဖိုးအရ ၉ ဒသမ ၇၄ ရာခိုင်နှုန်းကို ရုရှားမှတင်သွင်းပြီး ရုရှားသည် တရုတ်နှင့် ကနေဒါပြီးလျှင် အရှေ့တောင်အာရှအတွက် တတိယအကြီးမားဆုံး ဓာတ်မြေသြဇာရင်းမြစ် ဖြစ်နေသည်။ အရှေ့တောင်အာရှ နိုင်ငံအများအပြားမှ စီးပွားရေးများတွင် စိုက်ပျိုးရေးသည် အဓိက ဖြစ်နေသေးသောကြောင့် ဓာတ်မြေသြဇာ ရရှိမှုတွင် မည်သည့် အဟန့်အတားမဆိုသည် အထွက်နှုန်းကို လျော့ကျစေသည်။

တနိုင်ငံချင်းအရဆိုရပါက ဗီယက်နမ်၏ ရုရှားနှင့် အီလက်ထရောနစ်ပစ္စည်းများ ကုန်သွယ်ရေးသည် ထူးခြားသည်။ ဗီယက်နမ်သည် ၂၀၂၀ ပြည့်နှစ်တွင် စမတ်ဖုန်းများအပါအဝင် လျှပ်စစ်စက်ပစ္စည်းကိရိယာ ၁ ဒသမ ၅ ဘီလီယံဖိုး ရုရှားသို့ တင်ပို့သည်။

အမေရိကန်က ရုရှားကို ပစ်မှတ်ထားသည့် ပြည်ပ တိုက်ရိုက်ထုတ်ကုန် စည်းမျဉ်း ချမှတ်လိုက်ပါက ထိုကုန်သွယ်ရေးသည် ပျောက်ကွယ်သွားမည်ဖြစ်သည်။ အလားတူ စည်းမျဉ်းကို တရုတ်မှ ဟွာဝေးအတွက် အသုံးပြုပြီး အမေရိကန်နည်းပညာသုံးသော ပစ္စည်းများ တင်ပို့မှုအပေါ် ကန့်သတ်သည်။

အာဆီယံ၏ တင်သွင်းမှုအရဆိုပါက ယူကရိန်းသည် အာဆီယံ၏ ဂျုံ၊ အုတ်ဂျုံနှင့် အခြား နံ့စားသီးနှံအများစုကို တင်သွင်းပြီး ၂၀၂၀ ပြည့်နှစ် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး၏ ၉ ဒသမ ၂၁ ရာခိုင်နှုန်းရှိသည်။ ရုရှားထံမှလည်း နောက်ထပ် ၃ ဒသမ ၉၉ ရာခိုင်နှုန်း တင်သွင်းသည်။ နှစ်နိုင်ငံပေါင်းလိုက်ပါက ထိုစစ်ဖြစ်နေသော နိုင်ငံနှစ်ခုတို့သည် ဂျုံထုတ်ကုန်များကို ပိုမိုစားသုံးလာကြသော အာဆီယံဒေသအတွက် နံ့စားသီးနှံတင်ပို့သည့် တတိယအကြီးမားဆုံးသော နိုင်ငံများဖြစ်နေသည်။



မူကြိုကျောင်းတကျောင်း အမြောက်ဖြင့် ပစ်ခံထားရစဉ်/AFP

ရုရှားနှင့် ယူကရိန်းမှ ထိုသို့သော ထုတ်ကုန်တင်ပို့မှု ပြတ်တောက်သွားခြင်းသည် ကမ္ဘာတဝှမ်းတွင် ငွေကြေး ဖောင်းပွမှု ဖိအားကို ဖြစ်စေမည်ဟု စီးပွားရေးပညာရှင်များက ပြောသည်။ ထိုအချက်သည် ယခုပင် ငွေကြေး ဖောင်းပွမှုမြင့်မားပြီး ဖြစ်နေသော အရှေ့တောင်အာရှအနေဖြင့် ရှောင်ရှားမရသည့် အချက်ဖြစ်နေသည်။

"စိုက်ပျိုးရေးပို့ကုန် အများစုကို ပင်လယ်နက်ဆိပ်ကမ်းများမှ ပို့ဆောင်နေပြီး ထိုနေရာသည် ပဋိပက္ခ၏ ဗဟိုချက်ဖြစ်နေသည်" ဟု Capital Economics က ပြီးခဲ့သည့် ကြာသပတေးနေ့တွင် ထုတ်ပြန်သော မှတ်တမ်းတစောင်တွင် ဖော်ပြထားသည်။

"ဆိပ်ကမ်းပြဿနာအပြင် မြေပြင်တွင် တိုက်ပွဲများ ဖြစ်ပွားပြီးသောအခါ ယူကရိန်းမှ သီးနှံများ ပျက်စီးသွားမည့် အန္တရာယ်လည်း ရှိနေသည်။ ထိုအန္တရာယ်များ၏ အတိုင်းအတာနှင့် ကျယ်ပြန့်မှုကြောင့် မိမိတို့သည် စိုက်ပျိုးရေး ထုတ်ကုန်များအတွက် ကာလတို လတ်တလောဈေးနှုန်း ခန့်မှန်းမှုကို ၂၅ ရာခိုင်နှုန်း မြှင့်တင်လိုက်သည်" ဟုလည်း ထိုမှတ်တမ်းက ဖော်ပြသည်။

**ငွေကြေးဖောင်းပွမှု ဖိအား နောက်ထပ်ရင်းမြစ်တခုမှာ ကမ္ဘာ့စွမ်းအင်ဈေးကွက်မှ လာသည်။ ပဋိပက္ခသည် လောင်စာပေးပို့မှုကို ပြတ်တောက်စေနိုင်သည် ဆိုသည့် စိုးရိမ်မှုကြောင့် ရေနံနှင့်ဓာတ်ငွေ့ ဈေးနှုန်းများသည် ရုရှား၏ စစ်ဆင်ရေးများ မစတင်မီကပင် တက်နေသည်။**

ငွေကြေးဖောင်းပွမှု ဖိအား နောက်ထပ်ရင်းမြစ်တခုမှာ ကမ္ဘာ့စွမ်းအင်ဈေးကွက်မှ လာသည်။ ပဋိပက္ခသည် လောင်စာပေးပို့မှုကို ပြတ်တောက်စေနိုင်သည် ဆိုသည့် စိုးရိမ်မှုကြောင့် ရေနံနှင့်ဓာတ်ငွေ့ ဈေးနှုန်းများသည် ရုရှား၏ စစ်ဆင်ရေးများ မစတင်မီကပင် တက်နေသည်။

"ကမ္ဘာ့ရေနံဈေးက အမြင့်မှာ ရှိနေတာနဲ့အတူ ရေနံဈေးနှုန်းနဲ့ ငွေကြေးဖောင်းပွမှု ခန့်မှန်းချက်တွေကို ပြန်လည်ချိန်ညှိဖို့ လိုလာတယ်" ဟု Oxford Economics မှ အိန္ဒိယနှင့်တောင်အာရှ စီးပွားရေးအကြီးအကဲ ပရီယန်ကာ ကီရှိုးက ပြောသည်။ ပိုမိုမြင့်မားသည့် ရေနံဈေးနှုန်း၏ ရိုက်ခတ်မှုတွင် အာဆီယံဒေသတွင်းတွင် ကွဲပြားနေမည် ဖြစ်ကြောင်းနှင့် ပိုမိုမြင့်မားသည့် ငွေကြေးဖောင်းပွမှုနှုန်းသည် အိမ်ထောင်စုများ အသုံးစရိတ်နှင့် တိုးတက်မှုကိုလည်း ထိခိုက်စေကြောင်း သူကပြောသည်။



အပြိုအပျက်ကြားထဲက ကိယေ့ဗ်မြို့သားတဦး/AFP

နိုင်ငံရေးမျက်နှာစာတွင် အာဆီယံသည် ဗဟိုကျမှု မန္တာန်ကို ရွတ်ပြီး မဟာအင်အားကြီး ဇာတ်လမ်းမှ ခပ်ကင်းကင်းနေနေသော်လည်း ရုရှားသည် အဖွဲ့ဝင် ၁၀ နိုင်ငံပါသော အာဆီယံကို စည်းရုံးသိမ်းသွင်းခြင်း ရှောင်ရှားမည် မဟုတ်ပေ။

ကိုဗစ်နိုင်တင်းကပ်ရောဂါ အစောပိုင်းရက်များက မော်စကိုသည် ဗီယက်နမ်နှင့် ဖိလစ်ပိုင်ကဲ့သို့သော နိုင်ငံများသို့ Sputnik V ကာကွယ်ဆေးများပေးကာ ကာကွယ်ဆေး သံတမန်ရေးကို ဆောင်ရွက်သည်။ ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ရုရှားနှင့် အာဆီယံတို့သည် ၎င်းတို့၏ ပထမဆုံး ပူးတွဲရေတပ် စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ကြသည်။ ထိုစစ်ရေးလေ့ကျင့်မှုတွင် အာဆီယံအဖွဲ့ဝင် ၇ နိုင်ငံမှ စစ်သင်္ဘောများ ပါဝင်သည်။

လက်နက်သည် ရုရှားက အာဆီယံကို အဓိကအကျိုးပြုသော ပစ္စည်းဖြစ်နေသည်။ မော်စကိုသည် ၁၉၉၉ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း အရှေ့တောင်အာရှသို့ လက်နက်အများဆုံး ရောင်းချသောနိုင်ငံဖြစ်ပြီး ဒေသတခုလုံး၏ လက်နက်တင်သွင်းမှု ၂၆ ရာခိုင်နှုန်းကို ရောင်းချပေးနေသည်ဟု စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေး သုတေသနဌာနက ဖော်ပြသည်။

သို့သော် ရုရှားလက်နက်ရောင်းချမှုသည် မကြာသေးမီကမှ တုံ့ဆိုင်းသွားသည်။ မော်စကိုမှ လက်နက်ဝယ်ယူသော နိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ အရေးယူပိတ်ဆို့မှု ခံရနိုင်သည့် အခြေအနေကြောင့် ဖြစ်နိုင်သည်။

**ရုရှားနှင့် အဆင့်အမျိုးမျိုးရှိသော စီးပွားရေးနှင့် နိုင်ငံရေး အဆက်အသွယ်များသည် မြင့်မားလာသော တင်းမာမှုများကို တုံ့ပြန်ရာတွင် မြန်မာအကျပ်အတည်းနှင့် ပတ်သက်ပြီး သဘောထားကွဲသလို ထပ်မံကွဲနိုင်သည်။**

ဥပမာအားဖြင့် ဆိုရပါက အင်ဒိုနီးရှားနိုင်ငံသည် ရုရှားထံမှ Su-35 များ ဝယ်ယူမည့် အစီအစဉ်ကို ၂၀၁၈ ခုနှစ်တွင် ဖျက်သိမ်းလိုက်ပြီး ဖေဖော်ဝါရီလ ရောက်သောအခါ ထိုလေယာဉ်များအစား ပြင်သစ်လုပ် Rafale ဂျက်လေယာဉ်များ ဝယ်ယူခဲ့သည်။ အမေရိကန် ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု အေဂျင်စီကလည်း အင်ဒိုနီးရှားကို F-15 ဂျက်လေယာဉ်များ ဝယ်ယူခွင့် ပေးခဲ့သည်။

ရုရှားနှင့် အဆင့်အမျိုးမျိုးရှိသော စီးပွားရေးနှင့် နိုင်ငံရေး အဆက်အသွယ်များသည် မြင့်မားလာသော တင်းမာမှုများကို တုံ့ပြန်ရာတွင် မြန်မာအကျပ်အတည်းနှင့် ပတ်သက်ပြီး သဘောထားကွဲသလို ထပ်မံကွဲနိုင်သည်။



အဝေးပစ်ဒုံးဖြင့် ပစ်ခံထားရသော ကီယေ့ဗ်မြို့တော်က လူနေတိုက်

ယူကရိန်းကို တိုက်ခိုက်ရန် ရုရှားသမ္မတ ပူတင်၏ အမိန့်နှင့်ပတ်သက်ပြီး အရှေ့တောင်အာရှ အစိုးရများသည် အချို့က ပြောင်ရှုတ်ချပြီး အချို့က ပြောင်ချီးကျူးကာ သဘောထားကွဲနေသည်။

ရုရှားကို ရှုတ်ချရာတွင် စင်ကာပူက ပြတ်သားသည်။ သမ္မတ ပူတင်က ယူကရိန်းကို တိုက်ခိုက်ရန် စတင်အမိန့်ပေးသည့် ကြာသပတေးနေ့က ထုတ်ပြန်သော ကြေညာချက်တစောင်တွင် စင်ကာပူနိုင်ငံခြားရေး ဝန်ကြီးဌာနက အလေးအနက် စိုးရိမ်ကြောင်းနှင့် အချုပ်အခြာ အာဏာပိုင်နိုင်ငံတနိုင်ငံကို မည်သည့်အကြောင်းကြောင့်မဆို တဘက်သတ် တိုက်ခိုက် ခြင်းကို ရှုတ်ချကြောင်း ပြောသည်။ နောက်ပိုင်းတွင် ရုရှအား ဘဏ္ဍာရေးအရ အရေးယူပိတ်ဆို့မှုများ ပြုလုပ်မည်ဖြစ်ကြောင်းလည်း ကြေညာသည်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူကလည်း ထိုနေ့တွင်ပင် တိုက်ခိုက်မှု အကြောင်းပြောပြီး လက်နက်ကိုင်ပဋိပက္ခ မြင့်မားလာသည်ကို စိုးရိမ်ကြောင်းနှင့် ရုရှားအမည်ကို ထုတ်မပြောသော်လည်း နိုင်ငံတနိုင်ငံ၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာကို ထိပါးသည့် မည်သည့် ချိုးဖောက်မှုများကိုမဆို ရှုတ်ချကြောင်း ပြောသည်။ သမ္မတ ဂျိုကိုဝီဒိုဒိုက “စစ်ကိုရပ်၊ စစ်က လူသားတွေကို နစ်နာစေပြီး ကမ္ဘာကို အန္တရာယ် ကျရောက်စေတယ်” ဟု တွစ်တာလူမှုကွန်ရက်တွင် ရေးသားသည်။

တချိန်တည်းတွင် ဖိလစ်ပိုင် ခေတ္တသမ္မတ၏ ပြောခွင့်ရသူ ကာလို နိုဂရေးစ်၏ ရိုးရှင်းသော ကြေညာချက်တွင် “ယူကရိန်းမှ ဖိလစ်ပိုင်နိုင်ငံသားများ ဘေးကင်းရေးသည် သမ္မတ ဒူတာတေး၏ အဓိက ဦးစားပေးဖြစ်သည်” ဟုသာ ဖော်ပြသည်။

ဖိလစ်ပိုင်အစိုးရက နိုင်ငံခြားရေးဝန်ကြီးဌာနမှတဆင့် ယူကရိန်းတွင်နေထိုင်သော ဖိလစ်ပိုင်နိုင်ငံသားများကို ပြန်လည်ခေါ်ယူရန် လုပ်ဆောင်နေသည်ဟုလည်း ဆိုသည်။ သမ္မတ ဒူတာတေးက ရုရှားသမ္မတ ပူတင်သည် သူ၏ အကြိုက်ဆုံး သူရဲကောင်းဖြစ်ကြောင်း ယခင်က ပြောဖူးသည်။



ရုရှကျူးကျော်စစ်ကို ယူကရိန်းစစ်တပ်နှင့် ပြည်သူက ခံတိုက်နေကြသည်/AFP

မလေးရှားကလည်း ဖိလစ်ပိုင်၏ ကြေညာချက်ကို သံယောင်လိုက်ပြီး ဝန်ကြီးချုပ် အစ္စမေးလ် ဆက်ဘရီ ယာကော့က “ယူကရိန်းမှ ဖြစ်ရပ်များအတွက် အစိုးရအနေဖြင့် ဝမ်းနည်းရသည်။ အစိုးရ၏ ဦးစားပေးမှာ ယူကရိန်းမှ မလေးနိုင်ငံသားများ ဘေးကင်းလုံခြုံရေးဖြစ်သည်။ ရုရှားနှင့် ယူကရိန်းအကြား အကောင်းဆုံးနှင့် ငြိမ်းချမ်းသောအခြေအနေကို အမြန်ဆုံးရောက်ရန် မျှော်လင့်ပြီး လက်ရှိ အကျပ်အတည်းလည်း ပြေလည်သွားမည်” ဟု ပြောသည်။

စင်ကာပူနှင့်လုံးဝ ဆန့်ကျင်ဘက်မှာ မြန်မာနိုင်ငံဖြစ်သည်။ ရုရှားစစ်ဆင်ရေးများ မစတင်မီ တရက်အလိုက Nikkei Asia သို့ပြောသော မှတ်ချက်တခုတွင် စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက “ရုရှားသည် အချုပ်အခြာအာဏာ ပိုမိုခိုင်မာအောင် လုပ်နေသည်” ဟုပြောပြီး ရုရှားက ၎င်းတို့သည် ချိန်ခွင်လျှာညီသည့် ငြိမ်းချမ်းရေး နယ်ပယ်တွင် ဩဇာကြီးကြောင်း ကမ္ဘာကို ပြသလိုက်သည်ဟု ဆက်ပြောသည်။

**အာဆီယံအတွက် နောက်ထပ်စိုးရိမ်စရာ ရင်းမြစ်တခုမှာ ကမ္ဘာက ယူကရိန်းကို အာရုံစိုက်နေချိန်တွင် တရုတ်က ထောင်တရုတ်ပင်လယ်တွင် လှုပ်ရှားမှု တိုးလာမည့်အရေး ဖြစ်သည်။ ထိုသို့သော စိုးရိမ်ပူပန်မှုမျိုးကို အမေရိကန် ပစိဖိတ်လေတပ် တပ်မှူး ဗိုလ်ချုပ်ကြီး ကက်နက် ဝယ်စ်ဘက်ချ်က ဖေဖော်ဝါရီလလယ်က စင်ကာပူတွင် ကျင်းပသည့် လေကြောင်း ပြပွဲတခုတွင် ပြောသည်။**

အာဆီယံအတွက် နောက်ထပ်စိုးရိမ်စရာ ရင်းမြစ်တခုမှာ ကမ္ဘာက ယူကရိန်းကို အာရုံစိုက်နေချိန်တွင် တရုတ်က တောင်တရုတ်ပင်လယ်တွင် လှုပ်ရှားမှု တိုးလာမည့်အရေး ဖြစ်သည်။ ထိုသို့သော စိုးရိမ်ပူပန်မှုမျိုးကို အမေရိကန် ပစိဖိတ်လေတပ် တပ်မှူး ဗိုလ်ချုပ်ကြီး ကက်နက် ဝယ်စ်ဘက်ချ်က ဖေဖော်ဝါရီလလယ်က စင်ကာပူတွင် ကျင်းပသည့် လေကြောင်း ပြပွဲတခုတွင် ပြောသည်။

"ယူကရိန်း အခြေအနေအပေါ် သူတို့အမြတ်ထုတ်မှာကို ကျနော် စိုးရိမ်စိတ် ဖြစ်တယ်" ဟု AFP သို့ သူကပြောသည်။ "ရန်လိုတဲ့ကိစ္စမျိုးတွေ လုပ်လာပြီး ကမ္ဘာက ဘယ်လိုတုံ့ပြန်မလဲ ကြည့်မယ်ဆိုရင် အံ့သြစရာမဟုတ်ဘူး" ဟုလည်း သူပြောသည်။

ထိုသို့သော စိုးရိမ်ပူပန်မှုနှင့် ပတ်သက်ပြီး အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူကို မေးသောအခါ "ကျနော်တို့ ဒေသတွင်း လုံခြုံရေးတည်ငြိမ်မှု ထိန်းသိမ်းရေး ကမ္ဘာပေါ်က နိုင်ငံတွေနဲ့ပတ်သက်ပြီး တူညီတဲ့ ကတိကဝတ်နဲ့ မျှော်လင့်ချက်တွေ ကျနော်တို့မှာ ရှိသင့်တယ်" ဟု ပြောသည်။

*(Nikkei Asian ပါ ASEAN faces fallout from Russian invasion of Ukraine ကို ဘာသာပြန် ဖော်ပြသည်။)*

https://burma.irrawaddy.com/business/2022/03/01/250206.html

-----------------------------------------------------------------------------------------------

**ငြိမ်းချမ်းရေးလုပ်ငန်းတွင် လက်တွေ့ကျကျပါဝင်ရန် စစ်ကောင်စီ၏ မေတ္တာရပ်ခံချက်အပေါ် လက်ရှိ ပြဿနာကိုသာ ဖြေရှင်းရန် EAOs တုန့်ပြန်**

**မတ်လ ၁ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**



တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ(EAOs)နှင့် သက်ဆိုင်သူများအားလုံးအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်တွေ့ကျကျ တိုးမြှင့်အကောင်အထည်ဖော် ပါဝင်ဆောင်ရွက်ရန် ယမန်နေ့ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က စစ်ကောင်စီ၏ မေတ္တာရပ်ခံထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး လက်ရှိအာဏာသိမ်းမှု ပြဿနာကိုသာ တာဝန်ခံ၍ ဦးစွာ ဖြေရှင်းရန်လိုအပ်ကြောင်း EAOs ဘက်က တုန့်ပြန်လိုက်သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရ ငြိမ်းချမ်းရေးအတွက်ဟူ၍ ယမန်နေ့ ထုတ်ပြန်လိုက်သော စစ်ကောင်စီ၏ ကြေညာချက်တွင် EAOs နှင့် သက်ဆိုင်သူများအားလုံး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို လက်တွေ့ကျကျတိုးမြှင့်ဆောင်ရွက်နိုင်ရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်ရန် မေတ္တာရပ်ခံထားမှုနှင့်ပတ်သက်ပြီး ယခင် အပစ်ရပ်လက်မှတ်ရေးထိုးခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး- KNU ဘက်က ယခုလို တုန့်ပြန်ပြောဆိုသည်။

KNU ၏ ပြောခွင့်ရ ပဒိုစောတောနီးက "Transitional justice လို့ခေါ်တဲ့ အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှုအတွက် သူတို့(စကစ) ဘက်က တိတိကျကျ အာမခံချက်နဲ့ လက်ခံနိုင်ရမည်။ ဒါတွေမှ မရှိရင် ခံခဲ့ရတဲ့သူတွေအတွက်ဖြစ်စေ အကြမ်းဖက်လုပ်ရပ်တွေကနေ နေအိမ်တွေ ပျက်စီးခံခဲ့ရတဲ့သူတွေ အသတ်ခံခဲ့ရသူတွေ အများကြီးရှိတယ်။ အခု မတရားအာဏာသိမ်းမှု မဟုတ်ဘူး၊ ဟိုအရင်ကတည်းက ဒီလိုမျိုး သူတို့ ကျူးလွန်ခဲ့တာတွေ အများကြီးရှိတယ်။ ဒါတွေကို သူတို့ တာဝန်ယူ တာဝန်ခံရမယ်၊ အသေအချာရှိရမယ်။ ဒါကိုမှ လက်မခံနိုင်ရင် ပြောဆိုဆွေးနွေးဖို့ ဖြစ်လာစရာ အကြောင်းမရှိဘူး "ဟု ကေအိုင်စီသို့ ပြောသည်။

စစ်တပ်အနေဖြင့် တိုင်းပြည်နှင့် ပြည်သူအပေါ် စစ်မှန်သည့် သဘောထား ယခင်ကတည်းကရှိခဲ့လျှင် လက်ရှိတိုင်းပြည်အနေဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီးဖြစ်သော်လည်း ယခုတွင် အတင်းအဓမ္မ အာဏာသိမ်းယူပြီး အကြမ်း ဖက်နည်းလမ်းကို လုပ်ဆောင်နေသေးသည့်အပေါ် ၎င်းတို့နှင့် ဆွေးနွေးစရာအကြောင်းမရှိကြောင်းလည်း ပဒိုစောတောနီးက ဆက်ပြောသည်။




ရဲဘော်မျိုးဝင်း ( Photo-NCA_S EAO)

ယခုလို တုန့်ပြန်လိုက်ခြင်းသည်လည်း ကေအဲန်ယူအနေဖြင့် နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းဖြင့် မဆွေးနွေးလိုသည့် သဘောထားမဟုတ်ဘဲ ယခင်နည်းလမ်းဟောင်းများအတိုင်း ထပ်မံမကြုံတွေ့ စေရန်နှင့် ပြည်သူ လူထုများ၏ တောင်းဆိုချက်အတိုင်း စစ်တပ်တစ်ခုလုံးအနေဖြင့် နိုင်ငံရေးမှ လုံးဝ ထွက်ခွာပေးရမည်ဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်မည့် ၎င်းတို့၏ သဘောထားကိုလည်း အပြောထက် လက်တွေ့ လုပ်ဆောင်ပြရမည်ဖြစ်ကြောင်းလည်း ကေအဲန်ယူပြောခွင့်ရသူက ထပ်မံပြောဆိုသည်။

ယမန်နေ့ စစ်ကောင်စီ၏ ထုတ်ပြန်ချက်တွင် တစ်နိုင်ငံလုံး ထာဝရ ငြိမ်းချမ်းရေး ရရှိရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်ကာကွယ်ထိန်းချုပ်ကုသရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတော် ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများအပြင် နိုင်ငံတော် အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး ယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ယခုနှစ် ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်နေ့မှ နှစ်ကုန်အထိ အပစ်ရပ်စဲမှုသက်တမ်း တိုးမြှင့်လိုက်ကြောင်း ဖော်ပြထားသည်။

၎င်းအပြင် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အပစ်ရပ်ကြေညာချက် အကြိမ် ၂၀ ထုတ်ပြန်ပြီးခဲ့သလို ပြီးခဲ့သည့် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားတွင်လည်း အပစ်ရပ် NCA လက်မှတ်ရေးထိုးထားသည့် EAOs ၇ ဖွဲ့ နှင့် လက်မှတ်မရေးထိုးရသေးသည့် EAOs ၄ ဖွဲ့ တက်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း စစ်ကောင်စီ၏ ထုတ်ပြန်ချက်တွင် ဆက်လက် ဖော်ပြပြောဆိုသည်။

အပစ်ရပ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) အနေဖြင့်လည်း NCA ကို အခြေခံသည့် နိုင်ငံရေး ဆွေးနွေးမှုများကို ရပ်ဆိုင်းကြောင်း အာဏာသိမ်းပြီးချိန်မှစ၍ ထုတ်ပြန်ကြေညာထားပြီးဖြစ်သလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထက် ၂၀၂၀ ရွေးကောက်ပွဲရလဒ်မှ ဖြစ်ပေါ်လာသည့် နိုင်ငံရေးအကြပ်အတည်းကို ဦးစွာဖြေရှင်းသွားရန် လိုအပ်ကြောင်း PPST ၏ ပြောခွင့်ရ ရဲဘော်မျိုးဝင်းက ယခုလိုပြောသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

(၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်)

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်)

၁။ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ရသည်မှာ တစ်နှစ်ကျော်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် **"တစ်နိုင်ငံလုံးထာဝရ ငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်"**ဟု မူဝါဒချထားပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေး နှင့်ပတ်သက်၍ NCA အတိုင်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် လွန်စွာအရေးကြီးပါ သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိမိတို့နိုင်ငံသမိုင်းတွင် လွန်စွာ ထူးခြားလေးနက်သည့် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကြီးကို

” တစ်တိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရေးဆိုတာက ကျနော်တို့ PPST အပါအဝင် EAOs တွေ အားလုံး ကိုင်စွဲထားတဲ့မူဖြစ်တယ်။ ဒါပေမဲ့ လက်တွေ့ကျကျ ပြောချင်တာက တကယ်နိုင်ငံရေးအရ အနှစ်သာရရှိတဲ့ တစ်တိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရေးမဖြစ်ဖူးလို့သာပေါ့။ တစ်ဖက်မှာ ကြေညာပေမဲ့လည်း လက်နက်ကိုင်ပဋိပက္ခဆက်ရှိနေမယ်ဆိုရင် အနှစ်သာရမရှိတဲ့ အပစ်အခတ်ရပ်စဲရေးပဲ ဖြစ်မှာပေါ့နော်။ “ဟု သူက ကေအိုင်စီသို့ ပြောသည်။

ဆက်လက်၍ စစ်ကောင်စီနှင့် NCA အခြေခံအရ နိုင်ငံရေး ဆွေးနွေးမှုကို ရပ်ဆိုင်းထားသော်လည်း လက်ရှိ နိုင်ငံရေးအကြပ်အတည်းကို ဆွေးနွေးနိုင်ရန် သက်ဆိုင်ရာအားလုံးနှင့် ဆွေးနွေးသွားမည့် မူ PPST အနေဖြင့်ရှိသော်လည်း မည်သို့ မည်ပုံ၊ မည်သည့်အစုအဖွဲ့နှင့်

ဆွေးနွေးရမည့် လုပ်ငန်းစဉ်များကို PPST အထဲတွင် ဆွေးနွေးနေဆဲဖြစ်ကြောင်းလည်း ရဲဘော်မျိုးဝင်းက ဆက်ပြောသည်။

စစ်ကောင်စီ အနေဖြင့် ယခင်ကာလများတွင် ပုံစံမျိုးစုံဖြင့် အပစ်ရပ်ကြောင်းနှင့် နိုင်ငံရေး တွေ့ဆုံ ဆွေးနွေးရန် ထုတ်ပြန်ကြေညာခဲ့သော် လည်း နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခမှာ ပိုတိုးမြင့် လာနေသလို တစ်နိုင်ငံလုံးနီးပါး နစ်ဖက်ထိတွေ့တိုက်ပွဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ထောင်နှင့်ချီသည့် အရပ်သား ပြည်သူများလည်း သေဆုံးခဲ့ရကာ ရွာလုံးကျွတ်မီးတင်ရှို့ခံရမှု၊ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခံရမှု၊ အရပ်သားအပေါ် လူသားဒိုင်းအဖြစ် အသုံးပြုမှုများကို စစ်ကောင်စီဘက်မှ ဆက်လက် ကျူးလွန်နေဆဲဖြစ်သည်ဟု လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်နေသည့်အဖွဲ့များ၏ ထုတ်ပြန်ချက်အရ သိရသည်။

https://kicnews.org/2022/03/ငြိမ်းချမ်းရေးလုပ်ငန်း/

------------------------------------------------------------------------------------------------

## စစ်ကောင်စီက မုံးကိုးမှာ ထိုးစစ်ဆင်နေတယ်လို့ ကိုးကန့်တပ်ဖွဲ့ ထုတ်ပြန်

2022.03.01



မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် MNDAA တပ်ဖွဲ့ဝင်တချို့ကို တွေ့ရစဉ်။ Photo- မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် သတင်းနဲ့ပြန်ကြားရေး

စစ်ကောင်စီက စစ်ရေးလှုပ်ရှားမှုတွေ ရပ်တန့်မယ်လို့ ထုတ်ပြန်ထားပေမဲ့ မုံးကိုးမြို့နယ်အတွင်းက ကိုးကန့်တပ်ဖွဲ့စခန်းတွေကို အင်အားတိုး တိုက်ခိုက်မှုတွေ ပြုလုပ်နေတယ်လို့ MNDAA ကိုးကန့်တပ်ဖွဲ့က မတ်လ ၁ရက်နေ့ ဒီနေ့ ညနေပိုင်းမှာ သတင်းထုတ်ပြန်ပါတယ်။

စစ်ကောင်စီရဲ့ စကခ(၁၂) လက်အောက်ခံတပ်ရင်း (၂၈၇ )က လူအင်အား ၈ဝလောက်နဲ့ ဒီမနက် ဖနံရီမှာ မုံးကိုးမြို့နယ် မန်ကျယ်ဒေသ အနောက်ဖက် တောင်ကုန်းမှာရှိတဲ့ ကိုးကန့်တပ်ဖွဲ့ တပ်စခန်းတွေကို ထိုးစစ် ဆင် တိုက်ခိုက်လာတာလို့ ထုတ်ပြန်ချက်မှာ ပါရှိပါတယ်။

စစ်တပ်က ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်နေ့ကနေ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စစ်ရေးလှုပ်ရှားမှုတွေကို ရပ်ဆိုင်းထားမယ်လို့ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က သတင်းထုတ်ပြန်ထားတာဖြစ်ပါတယ်။

ကိုးကန့်တပ်ဖွဲ့အနေနဲ့ ဥက္ကဋ္ဌဟောင်း ဦးဖုန်ကြားရှင်ရဲ့ ဈာပန ရှိနေတာကြောင့် စစ်ရေးကိစ္စတွေကို ရပ်ဆိုင်း ထားပေမဲ့ စစ်ကောင်စီရဲ့ထိုးစစ်ကြောင့် ပြန်လည်ခုခံခဲ့ရတယ်လို့ ဆိုပါတယ်။

ဖေဖော်ဝါရီလ ၂၄ရက်နေ့ကစပြီး စစ်ကောင်စီဖက်က ကားအစီး ၄၀ကျော်နဲ့ ကွတ်ခိုင်မြို့ကနေ မုံးကိုးလမ်း တလျှောက်မှာရှိတဲ့ တပ်သားတွေကို သယ်ဆောင် အင်အားဖြည့်နေတယ်လို့ ကိုးကန့်တပ်ဖွဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

စစ်ကောင်စီတပ်ဟာ ကိုးကန့်တပ်ဖွဲ့ထိန်းချုပ်ရာ မုံးကိုးမြို့နယ်အတွင်းက မန်ရန်းတပ် စခန်းကိုလည်း လက်နက်ကြီးတွေနဲ့ ပစ်ခတ်နေတယ်လို့ ဆိုပါတယ်။ စစ်ကောင်စီဖက်က အပစ်ရပ်မယ်ဆိုပြီး အခုလို ထိုးစစ်ဆင်နေတာဟာ စစ်ရေးရပ်ဆိုင်းမှုနဲ့ဆန့်ကျင်နေပြီး အကျိုးမရှိဘူးလို့ ကိုးကန့်တပ်ဖွဲ့က ဆိုပါတယ်။

ကိုးကန့်တပ်ဖွဲ့ရဲ့ထုတ်ပြန်ချက်နဲ့ ပတ်သက်လို့ စစ်ကောင်စီဖက်ကတော့ ပြန်လည်တုံ့ပြန်တာ မရှိသေးပါဘူး။

မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ် တပ်မတော် (ကိုးကန့်တပ်ဖွဲ့) ဥက္ကဋ္ဌဟောင်း ဦးဖုန်ကျားရှင် ကွယ်လွန်တဲ့ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က နေစပြီး ရှမ်းပြည် မြောက်ပိုင်းဒေသမှာ ကိုးကန့် တပ်ဖွဲ့ နဲ့ စစ်ကောင်စီတပ်တွေ ကြား လဝက်နီးပါ တိုက်ပွဲတွေ ငြိမ်သက်ခဲ့ပြီး ဒီနေ့ မနက်မှာတော့ တိုက်ပွဲတွေ ပြန်လည်ဖြစ်ပွားလာခဲ့တာဖြစ်ပါတယ်။

ကိုးကန့်တပ်ဖွဲ့ကတော့ သူတို့ခေါင်းဆောင်ကြီးဦးဖုန်ကြားရှင်ရဲ့ ဈာပနကို အခုလ ၂၈ရက်နေ့မှာ ကိုးကန့်တပ်ဖွဲ့ ထိန်းချုပ်နယ်မြေမှာ ပြုလုပ်သွားမယ်လို့ ထုတ်ပြန်ထားပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဆိုင်းနဲ့မုံးကိုးမြို့နယ်မှာ ပြီးခဲ့တဲ့နှစ်သြဂုတ်လဆန်းကစလို့ စစ်ကောင်စီနဲ့ ကိုးကန့် တပ်ဖွဲ့ကြား တိုက်ပွဲတွေ ပြန်လည် ဖြစ်ပွားခဲ့တာကြောင့် နေရပ်စွန့်ခွာနေရသူ တစ်ထောင်ကျော် ရှိနေဆဲ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/monekoe-mndaa-army-03012022102013.html

---------------------------------------------------------------------------------------------------

## ပူတာအိုမှာ တိုက်ပွဲပြင်းထန်၊ ဂျက်တိုက်လေယာဉ်နှစ်စင်းနဲ့ ပစ်ခတ်

2022.03.01



ပူတာအိုမြို့နယ် လုံ့ရှာကျေးရွာက တိုက်ပွဲကြောင့် တောထဲကို ထွက်ပြေတိမ်းရှောင်နေကြရတဲ့ ဒေသခံတွေကို ၂၀၂၂ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က တွေ့ရစဉ်။ Photo: CJ

ကချင်ပြည်နယ် ပူတာအိုမြို့နယ် အင်စီယာန်နဲ့ ဆွမ်ပီယာန်ရွာကြားမှာ စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေနဲ့ KIA နဲ့ PDF ပူးပေါင်းတပ်တို့ မတ်လ ၁ ရက် ဒီနေ့မနက်က တိုက်ပွဲ ဖြစ်ပွားနေပြီး ညနေ ၃ နာရီလောက်မှာ ဂျက်တိုက်လေယာဉ် နှစ်စင်းက လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဂျက်တိုက်လေယာဉ် နှစ်စင်းနဲ့ အဲဒီရွာ နှစ်ရွာကြားကို အကြိမ်ပေါင်းများစွာ ပစ်ခတ် တိုက်ခိုက်ခဲ့တယ်လို့ အင်စီယာန် ရွာသားတစ်ဦးက ပြောပါတယ်။

**"လေယာဉ်နှစ်စင်းနဲ့ လာပစ်တယ်။ အကြိမ်ရေ အများကြီးပဲ။ အခုတော့ ပြန်သွားကြပြီ။ တိုက်ပွဲက မနက်ကတည်းက ဖြစ်နေတာ။ အခုလည်း အသံတွေ ကြားနေရတုန်းပဲ "**

တိုက်ပွဲတွေကြောင့် အနီးနားက ရွာသားတွေဟာ ရွာလုံးကျွတ် တောထဲကို ထွက်ပြေး တိမ်းရှောင်နေလို့ ထိခိုက်မှုတွေတော့ မရှိဘူးလို့ဆိုပါတယ်။

စစ်ကောင်စီ တပ်စွဲထားတဲ့ ရှိန်ဂတ်ဘွမ်စခန်းကို စစ်ကူလာတဲ့ စစ်ကောင်စီတပ်တွေနဲ့ KIA နဲ့ PDF ပူးပေါင်းတပ်တို့ ဒီနေ့မနက် ၇ နာရီကနေ ၉ နာရီထိ တစ်ကြိမ်ဖြစ်ပွားပြီး ၁၁ နာရီ ကနေ ညနေပိုင်းထိ တိုက်ပွဲ ဖြစ်ပွားနေတယ်လို့ အမည်မဖော်လိုသူ KIO သတင်းရင်းမြစ် တစ်ဦးက ဆိုပါတယ်။

ဖေဖော်ဝါရီ ၁၈ ရက်ကစပြီး ၂၂ ရက်ထိလည်း အဲဒီနေရာမှာ တိုက်ပွဲ ငါးရက်ကြာ ဖြစ်ပွား ခဲ့ပြီး စစ်ကောင်စီ တပ်ဘက်က လေကြောင်းကနေ ပစ်ခတ်ခဲ့လို့ လုံ့ရှာယာန်၊ ဆွမ်ပီယာန်၊ အင်စီယာန် စတဲ့ကျေးရွာတွေက ဒေသခံ ၆၀၀ ကျော်တို့ ထွက်ပြေးတိမ်းရှောင် နေရ ပါတယ်။

စစ်ကောင်စီတပ်တွေ နေရာယူထားတဲ့ ရှိန်ဂတ်ဘွမ်စခန်းဟာ လွန်ခဲ့တဲ့ သုံးနှစ်က KIA ရဲ့ တပ်စခန်းဖြစ်ခဲ့ပြီး အဲဒီစခန်းကို ပြန်သိမ်းနိုင်တဲ့အထိ တိုက်ခိုက်သွားမယ်လို့ ကချင်လွတ် မြောက်ရေးတပ် (KIA) ရဲ့ သတင်းပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူက ပြောပါတယ်။

ဒီနေ့ ပူတာအိုက တိုက်ပွဲမှာ နစ်ဖက်ထိခိုက်ကျဆုံးမှုတွေကို မသိနိုင်သေးသလို စစ်ကောင်စီ ရဲ့ ပြောခွင့်ရသူ ပြန်ကြားရေး ဒု-ဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်း ကို ဆက်သွယ်မေးမြန်းဖို့ ကြိုးစားနေပါတယ်။

ဖေဖော်ဝါရီ ၂၆ ရက်ကလည်း တနိုင်းမြို့နယ်ရှိ KIA တပ်ရင်း ၁၄ နဲ့ ဖားကန့်မြို့ရှိ KIA တပ်ရင်း ၄၄ ဘက်တွေကို စစ်ကောင်စီတပ်က လေကြောင်းနဲ့ တိုက်ခိုက်ခဲ့တယ်လို့ ဒေသခံ တစ်ဦးက ဆိုပါတယ်။

https://www.rfa.org/burmese/news/putao-airstrike-03012022063400.html

---------------------------------------------------------------------------------------------------

## ဆွမ်ပီယန်ကျေးရွာအနီးတဝိုက်ကို စစ်ကောင်စီက လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်

Published By DVB | 1 March, 2022



ကချင်ပြည်နယ်ထဲက ပူတာအိုမြို့နယ် ဆွမ်ပီယန်ကျေးရွာနဲ့ အနီးအနားကို စစ်ကောင်စီက မတ်လ ၁ ရက် နေ့လယ် ၂ နာရီခွဲလောက် ဂျက်လေယာဉ်နှစ်စီးနဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့တယ်လို့ ဆွမ်ပီယန်ရွာခံတစ်ဦးက ပြောပါတယ်။

"ဒီမနက် ၉ နာရီအချိန်ခန့်မှာ ရှိန်ဂတ်တောင်ဘက်ကို စစ်ကူသွားနေတဲ့ စစ်ကောင်စီတပ်တွေနဲ့ KIA၊PDF ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်နေတယ်။ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီက လေယာဉ်နှစ်စင်းနဲ့ ဗုံးကြဲလာတယ်။"

PDFတာဝန်ရှိသူတစ်ဦးက "ပူတာအိုမြို့နယ်ထဲက ရှိန်ဂတ်တောင်ကို စစ်ကူလာတဲ့ စစ်ကောင်စီတပ်ဖွဲ့နဲ့ KIA၊PDF ပူးပေါင်းတပ်ဖွဲ့တို့အကြား ဒီနေ့မှာ ၂ ခါ ထိပ်တိုက် တိုက်ပွဲဖြစ်နေလို့ စစ်ကောင်စီဘက်က အထိနာသွားတယ်။ ဒါကြောင့် လေယာဉ်ကို စစ်ကူခေါ်နေတာ" လို့ ပြောပါတယ်။

စစ်ကောင်စီဘက်က လေယာဉ်နဲ့ဗုံးကြဲတာကြောင့် ရှိန်ဂတ်တောင်အနီးအနားမှာရှိတဲ့ အင်စီယန်ရွာနဲ့ ဆွမ်ပီယန်ကျေးရွာက ဒေသခံပြည်သူတွေဟာ ဘေးလွတ်ရာတောထဲကို ထွက်ပြေးတိမ်းရှောင်နေရပါတယ်။

ပူတာအိုမြို့နယ်ထဲက စစ်ကောင်စီတပ်စခန်းများဖြစ်တဲ့ ဆွမ်ပီယန်စခန်းနဲ့ လုံရှာယန်တပ်စခန်းတွေကို KIA၊ PDF ပူးပေါင်းတပ်ဖွဲ့က ဖေဖော်ဝါရီ ၁ ရက်က တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါတယ်။

စခန်းသိမ်းတိုက်ပွဲအတွင်း စစ်ကောင်စီဘက်က လက်နက်ကြီး လက်နက်ငယ်တွေ ရမ်းသမ်းပစ်ခဲ့တာကြောင့် အပြစ်မဲ့ပြည်သူ ၇ ဦး ထိခိုက်ကာ ၂ ဦး သေဆုံးခဲ့တယ်လို့ သိရပါတယ်။

https://burmese.dvb.no/archives/519628

---------------------------------------------------------------------------------------------------

## လေကြောင်းအန္တရာယ်ကြောင့် ထောင်နဲ့ချီတဲ့ဖာပွန်ဒေသခံတွေ မြိုင်ကြီးငူဘက်ကို စစ်ရှောင်နေ

၁ မတ် ၂၀၂၂



ဓာတ်ပုံ ပုံစာ, စစ်တပ်က လေကြောင်းတိုက်ခိုက်မှုလုပ်လာနိုင်တယ်ဆိုတဲ့ကေအဲန်ယူ သတိပေးအပြီးမှာ ဖာပွန်ဒေသခံတွေ စစ်ရှောင်နေကြတာဖြစ်ပါတယ် ဓာတ်ပုံ ရင်းမြစ်,CJ

ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်ထဲက ဒေသခံတွေဟာ စစ်ကောင်စီဘက်က လေကြောင်းတိုက်ခိုက်လာနိုင်တဲ့

အန္တရာယ်ကြောင့် မြိုင်ကြီးငူဒေသဘက်ကို စစ်ရှောင်လာနေတယ်လို့ ဘီဘီစီက သိရှိရပါတယ်။

ကရင်အမျိုးသားအစည်းအရုံး(KNU) တပ်မဟာ-၅ ဒေသထဲက ကမမောင်း၊ ကတိုင်ထို၊ ဖာပွန်၊ မဲ့ဝိုင် ဒေသတွေမှာ စစ်ကောင်စီဘက်က လေကြောင်းတိုက်ခိုက်မှုတွေရှိလာနိုင်တယ်လို့ ကြိုတင်သတိရှိကြဖို့ KNU အုပ်ချုပ်ရေးတာဝန်ရှိသူတွေက သတိပေးနှိုးဆော်မှုရှိခဲ့အပြီးမှာ ဒေသခံတွေ အခု လိုနေရာပြောင်းရွှေ့တာတွေ ဖြစ်လာတာပါ။

အဲဒီလိုသတိပေးမှု ထွက်လာပြီးတဲ့နောက်ပိုင်း ဖာပွန်ဒေသခံတွေဟာ သံလွင်မြစ်တစ်ဘက်ကမ်းက မြိုင်ကြီးငူဒေသဘက်သို့ စစ်ဘေးရှောင်သူတွေအဖြစ် ပြောင်းရွှေ့လာနေကြတယ်လို့ သိရပါတယ်။

ဒါ့အပြင် ရက်ပိုင်းအတွင်း ၂ ဖက်တိုက်ပွဲတွေ နေ့စဉ်ဖြစ်ပွားလာနေတာကြောင့် ဒေသခံအများစုဟာ သံလွင်မြစ်တစ်ဘက်ကမ်းက မြိုင်ကြီးငူစစ်ဘေးရှောင်စခန်းဘက်ကို လူဦးရေ ၇ ထောင်ကျော်ခန့် ရွှေ့ပြောင်း ခိုလှုံနေကြတယ်လို့ မြိုင်ကြီးငူစစ်ဘေးရှောင်စခန်း အကူအညီပေးနေသူတွေ ပြောစကားအရ သိရပါတယ်။

"ကျွန်တော်တို့ ဆင်စွယ်ရွာဘက်တော့ လေယာဉ်ပျံ ဗုံးချမယ့်အတွက် ကြိုတင်ပြင်ဆင်သတိနဲ့နေကြဖို့ KNU ဘက်က ကျေးရွာသားတွေကိုပြောတယ်။ လေယာဉ်က ကင်းထောက် လာတာတွေ၊ ဒရုန်းနဲ့ပျံပြီး ဝဲတာတွေ နေ့တိုင်းနီးပါး ဖာပွန်တောင်ကြောဘက်ကိုလာတယ်။ တိုက်ပွဲက ဖာပွန်မြို့နား ကပ်မလာနိုင်အောင် မြို့စောင့်တပ်တွေက ရပ်ကွက်အဖျားပိုင်းတွေဘက် လက်နက်ကြီး ပစ်ထုတ်တာတွေ နေ့တိုင်း လုပ်တယ်။ ညဆိုလည်း သေနတ် ဖောက်တယ်။ ကင်းလှန့်တာတွေလုပ်တော့ ရပ်ကွက်သားတွေကုန် ပြောင်းပြေးကုန်ပြီ" ဖာပွန်ဒေသခံတစ်ဦးက ပြောပါတယ်။



ဓာတ်ပုံ ပုံစာ, ဖာပွန်ကနေ မြိုင်ကြီးငူဘက်ကို ပြောင်းရွှေ့နေထိုင်နေကြသူ ထောင်နဲ့ချီ ရှိနေပါတယ် ဓာတ်ပုံ ရင်းမြစ်,CJ

လက်ရှိမှာ စစ်ကောင်စီတပ်နဲ့ သူ့ရဲ့လက်အောက်ခံ နယ်ခြားစောင့်တပ်(BGF)က ကထိုင်ထို၊ ဖာပွန်၊ မဲ့ဝိုင် လမ်းကြောင်းတွေကို အင်အားတိုးလာနေပြီး တိုက်ပွဲဖြစ်တာ၊ မိုင်းထိတာတွေဖြစ်နေတာကြောင့် ဖာပွန်ဒေသခံတွေဟာ မြိုင်ကြီးငူဘက်ကမ်းနဲ့ ကမမောင်းက ရွှေဂွန်းဘက်ကို ပြောင်းပြေးနေကြတာလို့လည်း သိရပါတယ်။

တိုက်ပွဲတွေကြောင့် မြိုင်ကြီးငူဒေသထဲကိုရွှေ့ပြောင်းလာတဲ့သူတွေကို ၂၀၁၆ ခုနှစ်နောက်ပိုင်းကတည်းက စစ်ဘေးရှောင်လို့ မသုံးနှုန်းတော့သလို လက်ရှိမှာ ဖာပွန်ဘက်ကနေ တိမ်းရှောင်လာသူတွေဟာ စစ်ရှောင်စခန်းတွေထဲကို ဝင်ခွင့်မရဘဲ သက်ဆိုင်ရာ ဆွေမျိုးသားချင်းတွေအိမ်တွေ၊ လူနေနည်းတဲ့ရပ်ကွက်တွေမှာ အဆင်ပြေသလိုနေထိုင်နေရတယ်လို့လည်း မြိုင်ကြီးငူ ဒေသခံတွေက ပြောပါတယ်။

ဖာပွန်ခရိုင်ထဲက ကျေးရွာတွေကို ကရင်နယ်ခြားစောင့်တပ်က တပ်နယ် ၂ လက်အောက်ခံ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ တပ်ရင်းတွေနဲ့ စစ်ကောင်စီ ပူးပေါင်းတပ်တွေဟာ ဖားအံ၊ဝါးပိုးတောလမ်းကြောင်းကနေ ကမမောင်း၊ ကတိုင်ထို၊ဖာပွန်၊ မဲ့ဝိုင်ဒေသများအတွင်းကျေးရွာတွေကို ဖေဖော်ဝါရီ ၁ ရက်မှ ၂၀ ရက်အတွင်း နေ့စဉ် လက်နက်ကြီးပစ်ခတ်တာ၊ လေကြောင်းကနေ ဗုံးကြဲတာတွေကြောင့် ဒေသခံအရပ်သား ၇ ဦးသေဆုံးပြီး နောက်ထပ် ၁၄ ဦး ထိခိုက်ဒဏ်ရာ ထားတယ်လို့ KNU ဗဟို သတင်းပြန်ကြားရေးဌာနဘက်က သတင်းထုတ်ပြန်ထားပါတယ်။

https://www.bbc.com/burmese/burma-60543617

----------------------------------------------------------------------------------------------------

## ရပ်စောက်မြို့နယ် နောင်ဝိုးကျေးရွာအနီး ဈေးသည်တစ်ဦး မိုင်းနင်းမိ

By SHAN - March 1, 2022

သျှမ်းပြည် တောင်ပိုင်း ရပ်စောက်မြို့နယ် နောင်ဝိုး ကျေးရွာအနီးတွင် ယမန်နေ့ (ဖေဖော်ဝါရီ ၂၈)ရက် မနက် ၁၀ ခွဲဝန်းကျင်က ဆိုင်ကယ်ဈေးသည် အမျိုးသားတစ်ဦး မိုင်းနင်းမိကာ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းသိရသည်။



ထိုဈေးသည် အမျိုးသားသည် ရပ်စောက်မြို့နယ် နောင်ဝိုးကျေးရွာမှ ကုန်းသာရွာတို့ သွားသည့်လမ်းပေါ် နောင်ဝိုးကြိုးတံတားအနီးတွင် ဆိုင်ကယ်ဖြင့် မိုင်းနင်းမိပြီး ပြင်းထန်ဒဏ်ရာ ရရှိခဲ့တာဖြစ်ကြောင်း သိရသည်။

"ဖြစ်တာက နောင်ဝိုးကြိုးတံတားအနီးမှာပါ။ ဘယ်ဘက် ခြေထောက် အနောက်ပိုင်းက အကုန်ပါသွားတယ်။ အောက်ပိုင်းက တော်တော်ဆိုးတယ်။ ဖနောင့်ဆိုရင် မရှိတော့ဘူး" ဟု နမ့်လန် လူငယ် ပရဟိတအဖွဲ့ ဥက္ကဋ္ဌ ကိုဇော်ဇော်ဦး က သျှမ်းသံတော်ဆင့်ကို ပြောသည်။

မိုင်းနင်းမိသည့် ဈေးသည် အမျိုးသားသည် အသက် (၄၁)နှစ် အရွယ်ရှိပြီး သီပေါမြို့ တောင်မြို့ရပ်ကွက်တွင် နေထိုင်သူဖြစ်ကာ သျှမ်းတောင် – သျှမ်းမြောက် အစပ်ဒေသဖြစ်သည့် ရပ်စောက်မြို့နယ် နောင်ဝိုးကျေးရွာ ဘက်သို့ ဆိုင်ကယ်ဖြင့် ဈေးသွားရောင်းသူဖြစ်သည်။

သျှမ်းမြောက် သီပေါမြို့နှင့် သျှမ်းတောင် ရပ်စောက်မြို့နယ် နောင်ဝိုးကျေးရွာထိ ကားဖြင့် နာရီ ၃ နာရီခန့် မောင်းနှင်ရကြောင်း သိရသည်။



ထိုဈေးသည် မိုင်းနင်းမိသည့်နေရာသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလ အစောပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်းကြား တိုက်ပွဲဖြစ်ပွားဖူးသည့် နေရာဖြစ်ပြီး၊ ကန့်သတ် နယ်မြေအဖြစ် သတ်မှတ်ထားပြီး ထိုလမ်းကို မသွားရန် တားမြစ်ထားမှုလည်း ရှိနေကြောင်း သွားရောက်ကူညီသူများက ပြောသည်။

"အဲ့လမ်းက တိုက်ပွဲတွေ ဖြစ်ထားဖူးလို့ မသွားဖို့ တားမြစ်ထားတဲ့လမ်းပါ။ သူက ဖြတ်လမ်းအနေနဲ့ သွားတာ။ အဲ့လမ်းကို မသွားဖို့ သူများတွေ ပြောသေးတယ်တဲ့။ သူက ဆိုင်ကယ် ဈေးသည်ဆိုတော့ ဖြတ်သွားတာ။ ဆိုင်ကယ်နဲ့ မိုင်းနင်းမိသွားတာပဲ" ဟု နမ့်လန်ဒေသမှ လူငယ် အမျိုးသားတစ်ဦးက ပြောသည်။

လက်ရှိတွင် မိုင်းနင်းမိသည့် အမျိုးသားကို နောင်ဝိုး ပရဟိတနှင့် နမ့်လန်ပရဟိတ အဖွဲ့တို့ က ညစ်စဉ်ရွာတွင် ကားချိန်းပြီး လားရှိုးဆေးရုံကို ပို့ထားကြောင်း၊ ခြေထောက် ဖြတ်ရမည့် အနေအထားရှိကြောင်းလည်း သိရသည်။

ပြည်သူများ မိုင်းအန္တရာယ် ကင်းဝေးနိုင်စေဖို့ သက်ဆိုင်ရာ လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် မိမိထောင်ထားသည့်မိုင်းများကို ပြန်ဖြုတ်ပေးသင့်ကြောင်း နမ့်လန်လူငယ်တစ်ဦးက တောင်းဆိုထားသည်။

"ပြီးတော့ မိုင်းကို လူသွားလမ်းတွေမှာ မထောင်သင့်ဘူး။ ဒီလို မိုင်းတွေထောင်ထားတော့ ဈေးသည်တွေ မဟုတ်လည်း ဒေသခံတွေ တစ်ယောက်မဟုတ် တစ်ယောက်က ထိမိမှာပဲ။ သက်ဆိုင်တဲ့ တပ်ဖွဲ့တွေ

ပြန်ပြီးဖြုတ်ပေးစေချင်တယ်” ဟု နမ့်လန်ဒေသခံမှ အသက် ၃၅နှစ် အရွယ်ရှိ လူငယ်အမျိုးသားတစ်ဦးက ပြောသည်။

ထို ရပ်စောက်မြို့နယ် ကျောက်ဂူတိုက်နယ် နောင်ဝိုး ကျေးရွာအနီးတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်လည်း အမျိုးသမီး နှစ်ဦး မိုင်းနင်းမိ ဒဏ်ရာ ရရှိခဲ့ပြီး ယနေ့အချိန်ထိ ဆေးကုသမှု ခံယူနေရဆဲဖြစ်ကြောင်း သိရသည်။

https://burmese.shannews.org/archives/27193

-----------------------------------------------------------------------------------------------